သဒ္ဓါစိတ်ဖြင့် အမြဲရွတ်လျှင်
ဘေးကင်း၍ ကောင်းကျိုးပေးနိုင်သော

# လက်စွဲပဋ္ဌာန်း

ဦးမြင့်ဆွေ
မဟာဝိဇ္ဇာ (လန်ဒန်)


ဦးကြည်ညွှန့်  ၁၇၂၈၉

အမှတ်-၂၃၊ ကျောင်းလမ်း၊ မြေနီကုန်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

သဒ္ဓါစိတ်ဖြင့် မပြတ်ရွတ်လျှင်၊

ဘေးကင်း၍ ကောင်းကျိုးပေးနိုင်သော

လူတိုင်းဆောင်ထားသင့်သည့်



# လက်စွဲပဋ္ဌာန်း

ဦးမြင့်ဆွေ

မဟာဝိဇ္ဇာ (လန်ဒန်)

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၁၅၀၄)
ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် (၉၉၇)

ပထမအကြိမ်


၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလ



၁၄၂၈၉



အုပ်ရေ (၃၅၀၀)

အဖုံးပန်းချီ ဦးမြင့်မောင်

အဖုံးရိုက် ဇွဲ

တန်ဖိုး ၇-ကျပ်

ပုံနှိပ်သူ။ ဦးထွန်းရှိန် (၀၂၁၃၈) ဇွဲ စာပုံနှိပ်တိုက်၊
အမှတ် ၇၂၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ။ ဒေါ်တင်တင် (၀၁၈၀၈) နဝရတ်စာပေ၊
၄၀၃၊ ရသာတန်း၊ ၈၂-လမ်း၊ မန္တလေးမြို့။

# မာတိကာ


၁။ နိဒါန်း ၁
၂။ ပဋ္ဌာန်းကျမ်းကြီး၏ တန်ခိုးတော် ၅
၃။ ပဋ္ဌာန်း ပစ္စယုဒ္ဒေသ ပါဠိတော် ၁၃
၄။ ပဋ္ဌာန်းပစ္စယ နိဒ္ဒေသ ပါဠိတော် ၁၄
၅။ ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော် မြန်မာပြန်(အကျဉ်း) ၃၃
၆။ တနည်း မြန်မာပြန် (အကျယ်) ၃၅

**ပစ္စယနိဒ္ဒေသ မြန်မာပြန်နှင့် အဓိပ္ပာယ်** ၄၂

၇။ ဟေတုပစ္စည်း ၄၂
၈။ အာရမ္မဏပစ္စည်း ၄၄
၉။ အဓိပတိပစ္စည်း ၄၉
၁၀။ အနန္တရ သမနန္တရပစ္စည်း ၄၉
၁၁။ သဟဇာတပစ္စည်း ၅၅
၁၂။ အညမညပစ္စည်း ၅၈
၁၃။ နိဿယပစ္စည်း ၅၉
၁၄။ ဥပနိဿယပစ္စည်း ၆၄
၁၅။ ပုရေဇာတပစ္စည်း ၇၀
၁၆။ **ပစ္ဆာဇာတပစ္စည်း** ၇၄

# မာတိကာ


| | | |
|---|---|---|
| ၁၇။ | အာသေဝနပစ္စည်း | ၇၆ |
| ၁၈။ | ကမ္မပစ္စည်း | ၇၉ |
| ၁၉။ | ဝိပါကပစ္စည်း | ၈၂ |
| ၂၀။ | အာဟာရပစ္စည်း | ၈၄ |
| ၂၁။ | ဣန္ဒြိယပစ္စည်း | ၈၆ |
| ၂၂။ | ဈာနပစ္စည်း | ၈၉ |
| ၂၃။ | မဂ္ဂပစ္စည်း | ၉၀ |
| ၂၄။ | သမ္ပယုတ္တပစ္စည်း | ၉၂ |
| ၂၅။ | ဝိပ္ပယုတ္တပစ္စည်း | ၉၄ |
| ၂၆။ | နတ္ထိ၊ ဝိဂတပစ္စည်း | ၉၅ |
| ၂၇။ | အတ္ထိ၊ အဝိဂတပစ္စည်း | ၉၇ |


## စိတ်၊ စေတသိက် ရုပ်အကြောင်း မှတ်ဖွယ်


| | | |
|---|---|---|
| ၂၈။ | စိတ် ၈၉-ပါး | ၁၀၂ |
| ၂၉။ | စေတသိက် ၅၂-ပါး | ၁၀၅ |
| ၃၀။ | ရုပ် ၂၈-ပါး | ၁၀၅ |

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

# နိဒါန်း

အဘိဓမ္မာပိဋကဝင် ပဋ္ဌာန်းကျမ်းကြီးသည် ပိဋကသုံးပုံတွင် အနက်နဲဆုံး၊ အခက်ခဲဆုံး၊ အကျယ်ဝန်းဆုံးသော ကျမ်းကြီးဖြစ်၏။ ဘုရားရှင်သည် ထိုပဋ္ဌာန်းကျမ်းကြီးကို သုံးသပ်ဆင်ခြင်သောအခါ ပဋ္ဌာန်းတရားမြတ်၏ အာနုဘော်ကြောင့် ကိုယ်တော်မှ ရောင်ခြည်တော် ခြောက်သွယ်တို့သည် ထွက်ပေါ်၍ အရပ်ဆယ်မျက်နှာ, အနန္တ စကြာဝဠာတိုင်အောင် ပြေးသွားကွန့်မြူးခဲ့လေသည်။

ဤသို့ ပဋ္ဌာန်းကျမ်းကြီး၏ နက်နဲ သိမ့်မွေ့လှသော တရားတော်မြတ်၌ အာရုံစူးဝင်နစ်မြုပ်လျက် သုံးသပ်ဆင်ခြင်ပါလျှင် ကြီးမားလှစွာသော အကျိုးအာနိသင် တန်ခိုးအာနုဘော်ကို ကေန် ရရှိနိုင်ပါသည်။ ရှေးအခါက သီဟိုဠ်ကျွန်းမှ အရှင် တိဿဒတ္တမထေရ်သည် အိန္ဒိယပြည် ဗုဒ္ဓဂါယာရှိ မဟာဗောဓိကို ဖူးမျှော် ပူဇော်ရန် ဘင်္ဂလားပင်လယ်ကို

သင်္ဘောဖြင့် ကူးဖြတ်သွားနေစဉ် ပဋ္ဌာန်းကျမ်းကြီး၏ကျယ်ဝန်း နက်ရှိုင်းလှပုံကို ပင်လယ်သမုဒ္ဒရာကြီးနှင့် နှိုင်းယှဉ်၍ သုံးသပ် ဆင်ခြင်, ဝိပဿနာပွါးသည်တွင် ရဟန္တာအဖြစ်သို့ ရောက်ခဲ့ဘူး လေသည်။

ဤသို့လျှင် ပဋ္ဌာန်းကျမ်းကြီး၏ နူးညံ့ သိမ်မွေ့ ကျယ်ဝန်း နက်ရှိုင်းပုံကို သုံးသပ်ဆင်ခြင်၍အမြင့်မြတ်ဆုံးသောလောကုတ္တရာ အကျိုးတရားကို ပေးစွမ်းနိုင်လျှင်၊ သာမည လောကီအကျိုး များကိုကား ဆိုဘွယ်မရှိပြီ ကေန်မုချ ပေးစွမ်းနိုင်ယည်သာ တည်း အခါတပါး၌ သက်ပန်းဆရာတော်သည် ပင်လယ် ခရီးသွားနေစဉ် လေမုန်းတိုင်းကြီးစတင် ကျရောက်လာသည်တွင် သင်္ဘောဦးမှနေ၍ ပဋ္ဌာန်းကျမ်းကြီးကို ရွတ်ဖတ်လေသော် ထို မုန်းတိုင်းကြီးသည် အရပ်တပါးသို့ လွင့်ပါး ကွယ်ပျောက် သွားခဲ့ဘူးလေသည်။ ထိုပြင် ၁၃၁၅-ခုနှစ်က ရန်ကုန်မြို့သို့ အားကောင်းလှသော မုန်တိုင်းကြီး တနင်္ဂနွေအတွင်း ကျရောက် မည်ဟု မိုးလေဝသဌာနက အရေးတကြီး ကျေငြာခဲ့၏။ ထိုအချိန်တွင် တိပိဋကရေ စာမေးပွဲ၌ ဆရာတော် အရှင် ဝိစိတ္တသာရာဘိဝံသသည် ပဋ္ဌာန်းကျမ်းကြီးကို ပြန်ဆိုသရဇ္ဈာယ် လျက် ရှိ၏။ ယင်း၏ တန်ခိုးအာနုဘော်ကြောင့် ထိုမုန်းတိုင်း ကြီးသည် အရှေ့အရပ်သို့ လမ်းပြောင်း သွားခဲ့ဘူးလေသည်။

အထက်ဖော်ပြပါတို့ကို ထောက်ရှုလျှင် ပဋ္ဌာန်းကျမ်းကြီး၏ တန်ခိုးအာနုဘော်သည် အတိုင်းမသိ ကြီးမားကြောင်း၊ ဘေး အန္တရာယ် ရန်အသွယ်သွယ်ကို ကင်းစင် လွင့်ပျောက်စေ၍ လောကီ, လောကုတ္တရာ ကျိုးနှစ်ဖြာကို ကေန် ပေးစွမ်း

နိုင်ကြောင်း ထင်ရှားလှ၏။ ပဋ္ဌာန်းကျမ်းကြီး တခုလုံးကို မဆိုထားဘိ၊ ပဋ္ဌာန်းကျမ်းကြီး အခြေခံမာတိကာမျှ ဖြစ်သော "ပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသ" ပါဠိတော်မျှကို အဓိပ္ပါယ်မသိပဲ ယုံကြည်သော 'သဒ္ဓါစိတ်'၊ တည်ကြည်သော 'သမာဓိ'နှင့် ရွတ်ဖတ် သရဇ္ဈာယ်ရုံမျှဖြင့် ထိုထို ဘေးအန္တရာယ်, ရန် အသွယ်သွယ်တို့မှ ကင်းလွတ်ပြီး စီးပွားဥစ္စာ, စည်းစိမ်ချမ်းသာ, ရာထူးဌာနန္တရ, တိုးတက်၍ ကြံစည်သမျှပြီး – အလိုရှိသမျှ ပြည့်ဝကြပုံ ထိုထို အဖြစ်အပျက် သာဓကများကို တွေ့ဖူး-ကြားဖူးပြီး ဖြစ်ပေမည်။ သို့ဖြစ်၍ အခြားအခြားသော ပါဠိပျက်အဆန်းတွေကို ရွတ်မည့်အစား ဤပဋ္ဌာန်း ပါဠိတော်ကိုသာ စွဲမြဲ ရွတ်ကြပါကုန်လော့။

ပဋ္ဌာန်း'ပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသ'ပါဠိတော်ကို ရွတ်ဖတ် သရဇ္ဈာယ်ရာတွင် ယုံကြည်သော'သဒ္ဓါ'၊ တည်ကြည်သော 'သမာဓိ'၊ အဓိပ္ပါယ်နားလည်သော'ပညာ' ဤသုံးပါးနှင့် ပြည့်စုံရပေမည်။ သို့မှသာ 'လောကီ၊ လောကုတ္တရာ' အကျိုး နှစ်ပါးကို ရရှိပေမည်။ ထိုရည်ရွယ်ချက်ဖြင့် ဤ'လက်စွဲပဋ္ဌာန်း' စာအုပ်ငယ်ကို လူတိုင်း ဆောင်နိုင်ရန်အတွက် စီစဉ်မှုခြင်း ဖြစ်ပါကြောင်း။

ဦးမြင့်ဆွေ
မဟာဝိဇ္ဇာ(လန်ဒန်)
(၁၆-၁၁-၇၁)

[ပဋ္ဌာန်း၏ အဓိပ္ပါယ်အကျယ်ကိုသိလိုမူ'ပဋ္ဌာန်းမဟာ'ကို ဆက်ဖတ်ပါ။]



# ပဋ္ဌာန်းကျမ်းကြီး၏ တန်ခိုးတော်

သဗ္ဗညုဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်ပြီးနောက် စတုတ္ထသတ္တာဟအရောက်တွင် ရတနာဃရ=ရွှေအိမ်၌ထက်ဝယ် ဖွဲ့ခွေစံနေတော်မူလျက် ကျမ်းကြီး ၇-ကျမ်း ပါဝင်သော 'အဘိဓမ္မာပိဋက' တရားမြတ်ကို သုံးသပ် ဆင်ခြင်တော်မူ၏။ ထိုတွင်'ဓမ္မသင်္ဂဏီ'စသော ရွှေအဘိဓမ္မာ ၆-ကျမ်း ကိုသုံးသပ် ဆင်ခြင်တော် မူသောအခါ သဗ္ဗညုတ ရွှေဉာဏ်တော်က ကျယ်ဝန်းပြီး၊ ဘုရားနည်းက ကျဉ်းသဖြင့်၊ ရွှေဉာဏ်တော် မကွန့်မြူးလောက်သေးရကား ရောင်ခြည်တော် ၆-သွယ် မကွန့်မြူး သေးပဲ ရှိခဲ့၏။ နောက်ဆုံးလည်းဖြစ်၊ အနက်နဲဆုံး၊ အကျယ်ဝန်း ဆုံးလည်း ဖြစ်သော နည်းနယ အနန္တဖြင့် စီရင်အပ်သော 'အနန္တနယ သမန္တ'ခေါ်တွင် ပဋ္ဌာန်းကျမ်းတော်ကြီးကို သုံးသပ် ဆင်ခြင်တော်မူသောအခါမှ သဗ္ဗညုတရွှေဉာဏ်တော်ကြီး ကွန့်မြူး ခွင့်ကို ရတော်မူသည်။

ထိုသို့ ရွှေဉာဏ်တော် ကွန့်မြူးခွင့်ရသည့် 'ပဋ္ဌာန်းကျမ်းကြီး' ကိုသုံးသပ် ဆင်ခြင်တော်မူလတ်သော်၊ ဘုရားရှင်၏ သန္တာန်၌ အလွန်နှစ်သက် ဝမ်းမြောက်ခြင်း 'ပီတိ'တရားတွေ တဖွါးဖွါး ဖြစ်ပွါးလေ၏။ ထိုပီတိတရား၏ အရှိန်အဟုန်ကြောင့်

သွေးတော်သည် အလွန်အကြူး အထူး ကြည်လင်လေ၏။ သွေးတော်ကြည်လင်ခြင်းကြောင့် အရေတော်လည်း အလွန်အကြူး အထူးကြည်လင်လေ၏။ ထိုသို့ အရေတော် ကြည်လင်ခြင်းကြောင့်၊ ဘုရားရှင်၏ ကိုယ်တော်အင်္ဂါ အစိတ်အပိုင်းတို့မှ ပကတိ အရောင်အသွေးတို့သည် ရောင်ခြည်တော် ခြောက်သွယ်အဖြစ်ဖြင့် အရပ်ဆယ်မျက်နှာ အနန္တ စကြာဝဠာသို့တိုင်အောင် မြူးကွန့် ပြေးသွားတော်မူကြလေသည်။

ဤသို့ အံ့မခန်းမျှ ထူးခြားလှသည့် ဘုရားရှင်၏ ရောင်ခြည်တော် ခြောက်သွယ် မြူးကွန့်သည့်အချက်ကို သူတော်စင်အပေါင်းတို့ ကြည်ညိုသဒ္ဓါ တိုးပွါးစိမ့်သောငှါ၊ ဗုဒ္ဓါနုဿတိ ဘာဝနာသည်း ဖြစ်စိမ့်သောငှါ-မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးသည် 'ဆဗ္ဗညုရံသိဝဏ္ဏနာ' ခေါ်သော "ရောင်ခြည်တော်ခြောက်ပါး ဘုရားရှိခိုး" ဂါထာ ၆ ပုဒ် ပါဠိ-အနက်ကို ရေးသား ဖွဲ့ဆိုခဲ့ပေသည်။ 'အနန္တနယ သမန္တ' ခေါ်တွင် ပဋ္ဌာန်းကျမ်းကြီး၏ အခြေခံမာတိကာမျှဖြစ်သော ဤစာအုပ်ပါ "ပစ္စယ-ဥဒ္ဒေသ၊ ပစ္စယနိဒ္ဒေသ" ပါဠိတော်ကို မရွတ်ဖတ်မီ။ ဘုရားအာရုံကို စိတ်ကြည်လင်စွာဖြင့် အာရုံပြု၍ သမာဓိ စွမ်းအားလည်း ရစိမ့်သောငှါ အောက်ပါ'ဘုရားရှိခိုး'ကို ဦးစွာရွတ်ဖတ်တော် မူကြပါကုန်။

(၁) သတ္တ သတ္တာဟ မဇ္ဈမှိ၊
နာထော ယော သတ္တသမ္ဗသိ၊
ပတွာ သမန္တပဋ္ဌာနံ၊
သြကာသံ လဘတေ တဒါ။

**နာထော**=လူသုံးမျိုးတို့၏ ကိုးစားရာတဆူ ဖြစ်တော်မူသော၊ **ယောသတ္ထာ**=အကြင် မြတ်စွာဘုရား ကိုယ်တော်မြတ်သည်၊ **သတ္တသတ္တာဟမဇ္ဈမှိ**= 'ပလ်+ နိမ်+ စင်- ဃ+ အ+ မု+ ရ' ဟု သတ္တာဟ ခုနစ်လီ နေ့စာလီဝယ် ချက်လယ်ဗွေချာ ရတနာဃရ သတ္တာဟ၌ (ဝါ) ပလ္လင်္ကသတ္တာဟ၊ အနိမိသသတ္တာဟ၊ စင်္ကမသတ္တာဟ၊ ရတနာဃရသတ္တာဟ၊ အဇပါလသတ္တာဟ၊ မုစလိန္ဒသတ္တာဟ၊ ရာဇာယတနသတ္တာဟ - ဟူသော သတ္တာဟ ခုနှစ်လီ,နေ့စာလီဝယ် ချက်လယ်ဗွေချာ ရတနာဃရသတ္တာဟ၌၊ **သတ္တ**= "ဓမ် + ဝိ + + ဓာ +လ + က + ယ+ ပဋ္ဌာန်း" အဘိဓမ္မာ ခုနှစ်ကျမ်းတို့ကို(ဝါ) "ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလ ပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်း" အဘိဓမ္မာခုနှစ်ကျမ်း တို့ကို၊ **သမ္မသိ**-ကပ်အလီလီ ဖြည့်ခဲ့ညီသား ပါရမီ ဘုန်းစည် အတည်တည်ကြောင့် နှိုင်းရှည်မဲ့ရှဲ နက်နဲမွေ့သိမ် တေဇိန် ပြောထု သဗ္ဗညုဖြင့် ရှေးရှုထပ်ထပ် သုံးသပ် ဆင်ခြင်တော်မူ လေပြီ။ **တဒါ**-ထိုသို့ သုံးသပ် ဆင်ခြင်တော်မူသော အခါ၌၊ **သမန္တပဋ္ဌာန**-ယူဇနာပေါင်း ရှစ်သောင်းလေးထောင် နက်ဝှမ်း ဆောင်သား ကျောက်တောင်ပတ်ခွေ သမုဒ်ရေထက် အနှေ ကျယ်ဝှမ်း နည်းစုံဆန်းသော သမန္တပဋ္ဌာန်း ကျမ်းကြီးသို့၊ **ပတ္တာ**-ဉာဏ်ရည်တော်လျှောက် အစဉ် ရောက်၍၊ **ဉာဏံ**-ကပ် အလီလီ ဖြည့်ခဲ့သီသား ပါရမီဘုန်းစည် အတည်တည်ကြောင့် နှိုင်းရှည်မဲ့ရှဲ နက်နဲမွေ့သိမ် တေဇိန်ပြောထု သဗ္ဗညုတ ရွှေ ဉာဏ်တော်မြတ်သည်၊ **ဩကာသံ**-မြူးတူးကျက်စား ကစားခွင့် ကို၊ **လဘတေ**-ရတော်မူလေ၏။

(၂) ယောဇနာနံ သတာယာမော၊
ပဉ္စ တိမိရပိင်္ဂလော။
ကီဠောကာသံ သမုဒ္ဒေဝ၊
ဂမ္ဘီရေ လဘတေ ယထာ။

**ယထာ**=ပမာတန္တုံ အပြိုင်ပြု၍ နှိုင်းရှုစရာ ဥပမာပုံဆို အဘယ်လိုနည်းဟူမူကား၊ **ယောဇနာနံ**=ယူဇနာတို့၏။ **ပဉ္စသတာယာမော**=ငါးရာရှည်လျား လွန်ကြီးမားသော၊ **တိမိရပိင်္ဂလော**=တိမိရပိင်္ဂလအမည်ရသော ငါးကြီးသည်၊ **ဂမ္ဘီရေ**-ယူဇနာ ပေါင်း ရှစ်သောင်းလေးထောင် နက်ဝှမ်းဆောင်သော၊ **သမုဒ္ဒေဝ**-သမုဒ္ဒရာ-တောင်ခွေပတ်ချုပ် ရေသမုဒ်၌သာလျှင်၊ **ကီဠော-ကာသံ**-မြီးဆံ့ရှယ်ပျယ် စီပယ်ခတ်ကူး မြူးတူးကျက်စား ကစားခွင့်ကို၊ **လဘတေ ယထာ**-ရလေသကဲ့သို့၊ **ဧဝံ တထာ**- ထို့အတူ၊ **ဉာဏ်** ကပ်အလီလီ ဖြည့်ခဲ့ညီသား ပါရမီဘုန်းစည် အတည်တည် ကြောင့် နှိုင်းရှည်မဲ့ရှိ နက်နဲမွေ့သိမ် တေဇိန်ပြောထု သဗ္ဗညုတ ရွှေဉာဏ်တော်မြတ်သည်၊ **ကီဠောကာသံ**- မြူးတူးကျက်စား ကစား ခွင့်ကို၊ **လဘတေ**-ရတော်မူလေ၏။

(၃) သမ္မသန္တဿ တံ ဓမ္မံ၊
တဒါ သတ္ထု သရီရတော။
တံ တံ ဝဏ္ဏံ ဆဗ္ဗဏ္ဏာ၊
လောဟိတာဒိပသီဒနာ။

**တဒါ**-ထိုသို့အခွင့်ရတော်မူသောအခါ၌၊ **တံ ဓမ္မံ**-ပရမာကျူမြူ ပုံတူအလား(သိမ်မွေ့နူးညံ့စွာသော) ထိုပဋ္ဌာန်းတရားကို၊ **သမ္မသန္တဿ**-သုံးသပ်ဆင်ခြင်တော်မူသော၊ **သတ္ထု**-ဖြပ္ပာနတ်လူသုံးဘုံ

သူကို ကြည်ဖြူရွှင်ပြုံး ရွှန်းလုံးဖြင့် ဆုံးမတော်မူပေတတ်သော မြတ်စွာဘုရား၏၊ **လောဟိတာဒိပသိဒနာ-သွေးတော်စသည်** ကြည်လင်တောက်ပခြင်းကြောင့်၊ **သရီရတော**-ပကတိအတောင်တဆယ့်ရှစ်တောင်ပေါ် ရွှေကိုယ်တော်မှ၊ **ဆဗ္ဗဏ္ဏာ**-"ညို+ရွှေ+ဖြူ+နီ+ မောင်းရီ+ပြိုးပြက်တခဲနက်" အားဖြင့် ခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်တော်တို့သည်၊ တံ တံဋ္ဌာနံ-ဝဲယာရှေ့နောက် အထက်အောက်ဟူ ဆိုအပ်သော ထိုထိုအရပ်ဌာနသို့၊ **ဓာဝန္တိ**-ထိုကျုံမားမား ပြေးသွားတော်မူကြလေကုန်၏။

(၄) နီလာယော နီလဋ္ဌာနေဟိ၊
ပီတောဒါတာ စ လော်ဟိတာ။

တမှာ တမှာ တု မဇ္ဈေဋ္ဌာ၊
နိက္ခမိံသု ပဘာဿရာ။

**နီလဋ္ဌာနေဟိ**- ဆံတော် မျက်နက်တော်ဟူ ဆိုအပ်သော ညိုရာရာအရပ်တော်တို့မှ၊ **နီလာယော**-ဝန်းကျင်ပုံ့ဝဲ ဖြန့်မြှောက်ကြဲအပ်သော အောက်မဲ ညို့ကြာညို့ မျက်စဥ်းညို ကဲ့သို့ လည်းကောင်း၊ တလျှပ်လျှပ် တငြိမ့်ငြိမ့် တအိမ့်အိမ့် တနွဲ့နွဲ့ တလွှဲလွှဲ ခတ်အပ်သော ပတ္တမြားယပ်ညို ပုဆိုးညိုကဲ့သို့ လည်းကောင်း၊ ထိုထိုရပ်ခွင် ဝန်းကျင်ပတ်ခွေ မိုးနှင့်မြေကို လွှမ်းအုပ် ညိုစေလျက် မည်းနက်ရောင်တွဲ့ ပြာလဲ့စိမ်းစို ညိုသောအဆင်းရှိသော ရောင်ခြည်တော်တို့သည်၊ နိက္ခမိံသု-ပဋ္ဌာန်းဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့်နေ့ကစ၍ ယခုည ယခုနေ့တိုင်အောင် အရှောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံး တောင်လုံးခန့်ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွာ ဂေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

**ပိတင္ဗာနေဟာ**-ရှန်းအိကိုယ်ရေ ဝါရွှေရာ အရပ်တော်တို့မှ၊ **ပီတာ** - ပတ်လည်ဝန်းကျင် ရွှေရည်ယဉ်ဆမ်း ရွှေပုဆိုး ဖြန့်လှမ်းသကဲ့သို့လည်းကောင်း၊ ကျိုကျူမှုန့်ရွှေဝါ မြင်းသီလာ ဆေးဒန်းပွင့် မှဟာ့လျောကားပန်းတို့သည် ကောင်းကင်ပြည့်ပြွမ်း သကဲ့သို့လည်းကောင်း၊ ဖုံးလွှမ်းမိုးကာ ဆယ်မျက်နှာရပ်ခွင်ကို ဝါလွှင်ထိန်လင်းစေလျက် ဝါဝင်းထိန်ပြေ ရွှေ**သော အဆင်းရှိသော ရောင်ခြည်တော်** တို့သည်၊**နိက္ခမိ သု**-ပဌာန်းဒေသနာတော် မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့်နေ့ကစ၍ ယခုည ယခုနေ့ တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံးတောင်လုံး ခန့်ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွာ ဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

**သြဒါတင္ဗာနေဟာ**-အရိုးတော် သွားတော် မျက်ဖြူတော်ဟု ဆိုအပ်သော ဖြူရာရာ အရပ်တော်တို့မှ၊ **သြဒါတာ**-ပတ်လည် ဝန်းကျင် ငွေအိုးမှသွန်အပ်သော နို့ရည်အယဉ် ကောင်းကင် ပြည့် ငွေဗိမာန် ဝေဟာသံ တိမ်မြင့်က တဝင့်ဝင့် တန့်နွဲ့ တလွှဲလွှဲ ခတ်အပ်သော ငွေပြားယပ် ငွေစပယ် သင်းခွေနွယ် ကြာဖြူ မြတ်လေးဖြူကြက်ရိုးတို့ အုပ်ဖုံးကာ ယှက်ထွေးသကဲ့ သို့ **ဖြူဖွေးသပ္ပာယ် စင်ကြယ် သန့်ရှင်းသော** အဆင်းရှိ**သော ရောင်ခြည်တော်**-တို့သည်၊ **နိက္ခမိ သု**-ပဌာန်းဒေသနာတော်မြတ် ကို သုံးသပ်ဆင်ခြင်တော်မူသည့်နေ့ကစ၍ ယခုည ယခုနေ့ တိုင် အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံး တောင်လုံးခန့် ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွာ ဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

လောဟိတဋ္ဌာနေဟိ-မျက်စိသားသွေး နီထွေးရာ အရပ်တော်တို့မှ၊ လောဟိတာ- ဆုန်'မှုန့်တပ်စွဲ ရဲသောချိပ်ရည် ကမ္ဗလာနီမြန်း လယ်ခေါင်ရန်းမိုးစွေ ပန်းကသစ်အနေလို ရေမြေရော ကောင်းကင်ပါ အာကာသ အဇ္ဈာမှာ တိမ်မိလ္လာယှက်ပြေး သကဲ့သို့ နီတွေးထိန်ကျင် လွင်သောအဆင်းရှိသော ရောင်ခြည်တော်-တို့သည်၊ နိက္ခမိံ သု-ပဋ္ဌာန်းဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင် တော်မူသည့်နေ့ကစ၍ ယခုည ယခုနေ့ တိုင်အောင် အရောင်ရှိန်ရှိန် တထိန့်ထိန်နှင့် အိမ်လုံး တောင်လုံးခန့် ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျှက် ထွက်ခွာဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

တု-ထိုမှတပါးကုန်သော၊ မဉ္ဇေဋ္ဌာ-မည်းနီညိုလော်င်း ရောယှက်ပေါင်းသဖြင့် မောင်းမဲ့မှိုင်းအုံ့ မှုန်ရည်သော အဆင်းရှိသော ရောင်ခြည်တော် တို့သည်လည်းကောင်း၊ ပဘဿရ လကဆုန်ခါ အဇ္ဈာ ပြင်ကျယ် ကောင်း ကင် လယ် က လျှပ်နွယ်ယှက်ကူး ပိုးရေမြူးစံ မီးပေါက်လျှံကဲ့သို့ ဝံပျံတက်သက် ဖွိုးဖွိုးပြက်သော အားဖြင့် တခဲ့နက်အဆင်းရှိသော ရောင်ခြည်တော် တို့သည် လည်းကောင်း၊ တမှာ တမှာ သရီရပဒေသာ=ဤသို့သောခါတ် ဤအရပ်ဟု မသတ်မှတ်နိုင် ထွန်းပြိုင်ရှန်းစို ထိုထို ကိုယ်တော် အစိတ်မှ၊ နိက္ခမိံ သု-ပဋ္ဌာန်းဒေသနာတော်မြတ်ကိုသုံးသပ်ဆင်ခြင် တော်မူသည့် နေ့ကစ၍၊ ယခုည ယခုနေ့တိုင်အောင် အရောင် ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံးတောင်လုံးခန့်ပမာဏ ကြွကြွ ဝင်းဝင်း ထွန်းလင်းတောက်ပလျှက် ထွက်ခွာဝေးခြား ပြေး သွားတော်မူကြလေကုန်ပြီ။

(၅) ဧဝံ ဆဗ္ဗဏ္ဏရံသိယော၊
တော ယာဝဇ္ဇဝါသရ။
သဗ္ဗာဒိသာ ဝိဓာဝန္တိ၊
ပဘာ နုသာန္တိ တတ္ထိကာ။

**ဧဝံ**—ဤသို့၊ **တော ဆဗ္ဗဏ္ဏရံသိယော**—'ညို+ရွှေ+ဖြူ+နီ+မောင်းရီ+ပြိုးပြက် တခဲနက်' အားဖြင့် ထို ခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်တော်တို့သည်၊ **ယာဝဇ္ဇဝါသရ**-သာသနာတော်ရောင် ထွန်းပြောင်ထိန်လက် ယနေ့ထက် တိုင်အောင်၊ **သဗ္ဗဒိသာ**-ဝန်းကျင်ပတ်ခြုံ လုံးစုံနှစ်ဆယ် အရပ်ဒိသာ ဆယ်မျက်နှာ တို့သို့၊ **ဝိဓာဝန္တိ**—ထိုဤ မားမား ပြေးသွားကြလေကုန်ပြီ။ **တတ္ထိကာ**—ရောင်ခြည်တော်ခြောက် အစဉ်လျှောက်၍၊ ရောက်လေရာရာ ပဒေသာပင် ဥယျာဉ်ဗိမာန် အစရှိသော ထိုထိုအရပ်၌ ဖြစ်ကုန်သော၊ **ပဘာ** လက် ဆယ်ချောင်းဖြင့် သောင်းစက္ကဝါ ထွန်းနိုင်ပါသား ပြဟ္မာနတ်မင်း စသည်တို့၏ ကိုယ်ရောင် ဘုန်းရောင် အစရှိသော အရောင်တို့သည်၊ **နုသာန္တိ**-တေဇိန်ပယ်ရှင်းမှုထွန်းလင်းနိုင်သည်ဖြစ်၍ ကွယ်ကင်းပြေပျောက်ကြရလေကုန်၏။

(၆) ဣတိ ဆဗ္ဗဏ္ဏရံသိတတ္တာ၊
အင်္ဂီရသောတိ နာမသော။
လောကေ ပတ္ထဋ္ဌ ဂုဏံ တံ၊
ဝန္ဒေ ဗုဒ္ဓံ နမသာမိယံ။

**ဣတိ**–ဧဝံ ယတော ဝုတ္တနယေန-အကြင် အကြင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ **ဆဗ္ဗဏ္ဏရံသိတတ္တာ**—ခြောက်ပါးသော အဆင်း

ရှိသော ရောင်ခြည်တော် ရှိတော်မူသည်၏ အဖြစ်ကြောင့် **နာမသော-**လွန်ကဲထူးမြတ် ဂုဏ်သကတ်ကြောင့် ရတော်မူအပ်သော အတ္တာနုဂတ အမည်အားဖြင့်၊ **အင်္ဂီရသောတိ**—အင်္ဂီရသ ဟူ၍၊ **လောကေ**-လောကသုံးရပ် ဘုံသုံးထပ်၌၊ **ပတ္ထဋဂုဏံ**— ကျေညာအောက်ထက် ပြန့်တက်ကျော်စောသော ကျေးဇူးတော် ဂုဏ်တော်နှင့် ပြည့်စုံတော်မူထသော၊ **နမဿိယံ**-တလောကလုံး ညွှတ်ရိုးပြန့်မိုး ရှိခိုးပူဇော်ခြင်းငှာ ထိုက်တော်မူပေထသော၊ **တံဗုဒ္ဓံ**—သစ္စာလေးပါး မြတ်တရားကို ပတ္တမြားမျက်ရှင် လက်ဝယ်တင်သို့ ထင်ထင်ကြီး သိတော်မူပါသော လောကထွတ်ထား ထိုမြတ်စွာဘုရားကို၊ **အဟံ**—တရားဉာဏ်ဝင် ရှုဆင်ခြင်မှ မစင်မကြယ် ရှုံဖွယ်လုံးလုံး သုံးဆယ်နှစ်ဝ ကောဋ္ဌာသကို ကာယသမုတ် အကျုန်ုပ်သည်၊ **ဝန္ဒေ**=ဝန္ဒာမိ-သက်တော်ရှိစဉ် သုံးလူ့ရှင်ကို ထင်ထင်မှန်းရည် ယုံကြည်ကြိမ်ကြိမ် သဒ္ဓါရှိန်ဖြင့် ဦးနှိမ်ညွှတ်ကာ လက်အုပ်မိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

---

### ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊
အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊
သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊
အညမညပစ္စယော၊ နိဿယပစ္စယော၊
ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊
ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊
ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊
အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊

ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊
သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊
အတ္ထိ ပစ္စယော၊ နတ္ထိ ပစ္စယော၊
ဝိဂတပစ္စယော၊ အဝိဂတပစ္စယော တိ။
ပစ္စယုဒ္ဒေသော နိဋ္ဌိတော။

**ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပါဠိတော်**

၁။ **ဟေတုပစ္စယ**

ဟေတုပစ္စယောတိ-

ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတု-ပစ္စယေန ပစ္စယော။

၂။ **အာရမ္မဏပစ္စယ**

အာရမ္မဏပစ္စယောတိ-

(၁) ရူပါယတနံ **စက္ခုဝိညာဏဓာတုယာ**- တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

(၂) **သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ**— တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ- ပစ္စယေန ပစ္စယော။

(၃) **ဂန္ဓာယတနံ ဃာနဝိညာဏ ဓာတုယာ**- တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

(၄) **ရသာယတနံ ဇိဝှာဝိညာဏ ဓာတုယာ**—တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

(၅) **ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ**— တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

(၆) **ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ**—တံ သမ္ပယုတ္တကာနဉ္စဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

(၇) **သဗ္ဗေဓမ္မာ မနောဝိညာဏဓာတုယာ**— တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

(၈) ယံယံ ဓမ္မံ အာရဗ္ဘ ယေယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ, တေတေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

[အမှတ် '၁-၆'ပါ စာသားသည် ပုရေဇာတ၊ အတ္ထိ၊ အဝိဂတပစ္စည်းများ၌လည်း ပါရှိ၏။]

### ၃။ **အဓိပတိပစ္စယ**

အဓိပတိပစ္စယောတိ-

(၁) **ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ** တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော။

(၂) **ဝီရိယာဓိပတိ ဝီရိယ သမ္ပယုတ္တကာနံ ဓမ္မာနံ**— တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော။

(၃) **စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ**—တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော။

(၄) **ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ** - တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော။

(၅) ယံယံ ဓမ္မံ ဂရုံ ကတွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ, တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ **အဓိပတိ ပစ္စယေန** ပစ္စယော။

**၄။ အနန္တရ ပစ္စယ**

အနန္တရပစ္စယောတိ-

(၁) **စက္ခုဝိညာဏဓာတု** တံ သမ္ပယုတ္တကာ စ ဓမ္မာ **မနော ဓာတုယာ** တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

**မနောဓာတု** တံသမ္ပယုတ္တကာ စ ဓမ္မာ **မနောဝိညာဏ ဓာတုယာ** တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

(၂) **သောတဝိညာဏဓာတု** တံ သမ္ပယုတ္တကာ စ ဓမ္မာ **မနောဓာတုယာ** တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

**မနောဓာတု** တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏ **ဓာတုယာ** တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

(၃) **ဃာနဝိညာဏဓာတု** တံသမ္ပယုတ္တကာ စ ဓမ္မာ **မနော ဓာတုယာ** တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ **မနောဝိညာဏ** ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော။

(၄) ဇိဝှာဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ **မနော** ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော။

(၅) ကာယဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော။

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော။

(၆) ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

(၇) ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

(၈) ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

(၉) ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

[ဤအနန္တရပစ္စည်း၏ ပါဠိသည် နောက်လာမည့် သနန္တရပစ္စည်းနှင့် အားလုံးတူ၏။]

## ၅။ သမနန္တရပစ္စယ

**သမနန္တရပစ္စယောတိ-**

(၁) **စက္ခုဝိညာဏဓာတု** တံသမ္ပယုတ္တကာ စ ဓမ္မာ **မနောဓာတုယာ** တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

(၂) သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

(၃) ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

(၄) ဇိဝှါဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

(၅) ကာယဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

(၆) ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

(၇) ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

(၈) ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

(၉) ယေသံ ယေသံ ဓမ္မာနံ သမနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

## ၆။ သဟဇာတပစ္စယ

သဟဇာတ ပစ္စယောတိ—

☆(၁) စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတ ပစ္စယေန ပစ္စယော။

(၂) စတ္တာရော မဟာဘူတာ အညမညံ သဟဇာတ ပစ္စယေန ပစ္စယော။

(၃) ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတ ပစ္စယေန ပစ္စယော။

(၄) စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။

(၅) မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။

(၆) ရူပိနော ခန္ဓာ အရူပီနံ ခန္ဓာနံ ကိဉ္စိကာလေ သဟဇာတ ပစ္စယေန ပစ္စယော။ ကိဉ္စိကာလေ န သဟဇာတ ပစ္စယေန ပစ္စယော။

[★အမှတ်'၁-၅'ပါ စာသား ၅-ခု သည် နိဿယ၊အတ္ထိ၊ အဝိဂတ ပစ္စည်းများ၌ လည်း ပါရှိ၏။ အမှတ်'၁-၃'ပါစာသား ၃-ခုသည်အညမည ပစ္စည်း၌လည်း ပါရှိ၏။]

## ၇။ အညမည ပစ္စယ

အညမည ပစ္စယောတိ—

(၁) စတ္တာရော ခန္ဓာ အရူပိနော အညမည ပစ္စယေန ပစ္စယော။

(၂) စတ္တာရော မဟာဘူတာ အညမည ပစ္စယေန ပစ္စယော။

(၃) ဩက္ကန္တိက္ခဏေ နာမရူပံ အညမည ပစ္စယေန ပစ္စယော။

## ၈။ နိဿယ ပစ္စယ

နိဿယပစ္စယောတိ—

(၁) စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယ ပစ္စယေန ပစ္စယော။

(၂) စတ္တာရော မဟာဘူတာ အညမညံ နိဿယ ပစ္စယေန ပစ္စယော။

(၃) ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ နိဿယ ပစ္စယေန ပစ္စယော။

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
၁၇၂၈၉

(၄) **စိတ္တစေတသိကာ စမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ** နိဿယ ပစ္စယေန ပစ္စယော။

(၅) **မဟာဘူတာ ဥပါဒါရူပါနံ** နိဿယ ပစ္စယေန ပစ္စယော။

(၁) စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ ပစ္စယေန ပစ္စယော။

(၂) သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ ပစ္စယေန ပစ္စယော။

(၃) ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ ပစ္စယေန ပစ္စယော။

(၄) ဇိဝှာယတနံ ဇိဝှာဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ ပစ္စယေန ပစ္စယော။

(၅) ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ ပစ္စယေန ပစ္စယော။

(၆) ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ပဝတ္တန္တိ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံ သမ္ပယုတ္တကာနဉ္စဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

[အမှတ် ၁-၆ ပါ စကားသည် ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ ပစ္စည်းများ၌လည်းပါရှိ၏။]

## ၉။ ဥပနိဿယ ပစ္စယ

ဥပနိဿယ ပစ္စယောတိ-

(၁) ပုရိမာ ပုရိမာ **ကုသလာ ဓမ္မာ** ပစ္ဆိမာနံ ပစ္ဆိမာနံ **ကုသလာနံ ဓမ္မာနံ** ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ **ကုသလာ** ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ **အကုသလာနံ** ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ **ကုသလာ** ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ **အဗျာကတာနံ** ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။

(၂) ပုရိမာ ပုရိမာ **အကုသလာ** ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ **အကုသလာနံ** ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ **အကုသလာ** ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ **ကုသလာနံ** ဓမ္မာနံ ကေသဉ္စိ ဥပနိဿယ ပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ **အကုသလာ** ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ **အဗျာကတာနံ** ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော

(၃) ပုရိမာ ပုရိမာ **အဗျာကတာ** ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ **အဗျာကတာနံ** ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ **အဗျာကတာ** ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ **ကုသလာနံ** ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ **အဗျာကတာ** ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ **အကုသလာနံ** ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

(၄) **ဥတုဘောဇနံပိ** ဥပနိဿယပစ္စယေန ပစ္စယော။

**ပုဂ္ဂလောပိ** ဥပနိဿယပစ္စယေန ပစ္စယော။

**သေနာသနမ္ပိ** ဥပနိဿယပစ္စယေန ပစ္စယော။

## ၁၀။ ပုရေဇာတပစ္စယ

ပုရေဇာတပစ္စယောတိ

*(၁) **စက္ခာယတနံ** **စက္ခုဝိညာဏဓာတုယာ** တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

(၂) **သောတာယတနံ** **သောတဝိညာဏဓာတုယာ** တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

(၃) **ဃာနာယတနံ** **ဃာနဝိညာဏဓာတုယာ** တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

(၄) **ဇိဝှါယတနံ** **ဇိဝှါဝိညာဏဓာတုယာ** တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

(၅) **ကာယာယတနံ** **ကာယဝိညာဏဓာတုယာ** တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

☆(၁) **ရူပါယတနံ** **စက္ခုဝိညာဏဓာတုယာ** တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

(၂) **သဒ္ဒါယတနံ** **သောတဝိညာဏဓာတုယာ** တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

(၃) **ဂန္ဓာယတနံ** **ဃာနဝိညာဏဓာတုယာ** တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

(၄) **ရသာယတနံ** **ဇိဝှါဝိညာဏဓာတုယာ** တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

(၅) **ဖောဋ္ဌဗ္ဗာယတနံ** **ကာယဝိညာဏဓာတုယာ** တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

(၆) ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န ပုရေဇာတပစ္စယေန ပစ္စယော။

## ၁၁။ ပစ္ဆာဇာတပစ္စယ

ပစ္ဆာဇာတ ပစ္စယောတိ

ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။

## ၁၂။ အာသေဝန ပစ္စယ

အာသေဝနပစ္စယောတိ-

(၁) ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

(၂) ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော။

(၃) ပုရိမာ ပုရိမာ ကြိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာ ဗျာကတာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

## ၁၃။ ကမ္မပစ္စယ

ကမ္မပစ္စယောတိ

(၁) ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

(၂) စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

## ၁၄။ ဝိပါက ပစ္စယ

ဝိပါက ပစ္စယောတိ—

ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော။

## ၁၅။ အာဟာရပစ္စယ

အာဟာရပစ္စယောတိ—

(၁) ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။

(၂) အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

## ၁၆။ ဣန္ဒြိယ ပစ္စယ

ဣန္ဒြိယပစ္စယောတိ—

(၁) စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

(၂) သောတိန္ဒြိယံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

(၃) **ဃာနိန္ဒြိယံ ဃာနဝိညာဏဓာတုယာ** တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

(၄) **ဇိဝှိန္ဒြိယံ ဇိဝှာဝိညာဏဓာတုယာ** တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

(၅) **ကာယိန္ဒြိယံ ကာယဝိညာဏဓာတုယာ** တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

* **ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ** ဣန္ဒြိယပစ္စယေန ပစ္စယော။

* **အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ** တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

## ၁၇။ ဈာနပစ္စယ

ဈာနပစ္စယောတိ–

**ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ** တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

## ၁၈။ မဂ္ဂပစ္စယ

မဂ္ဂပစ္စယောတိ–

**မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ** တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

## ၁၉။ သမ္ပယုတ္တပစ္စယ

သမ္ပယုတ္တပစ္စယောတိ–

**စတ္တာရော ခန္ဓာ** အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

## ၂၀။ ဝိပ္ပယုတ္တ ပစ္စယ

ဝိပ္ပယုတ္တပစ္စယောတိ–

(၁) ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော။

(၂) အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော။

## ၂၁။ အတ္ထိပစ္စယ

အတ္ထိပစ္စယောတိ-

*(၁) စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော။

(၂) စတ္တာရော မဟာဘူတာ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

(၃) ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

(၄) စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

(၅) မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

*(၁) စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

(၂) သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

(၃) ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဇိဝှာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

(၅) ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိ ပစ္စယေန ပစ္စယော။

*(၁) ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

(၂) သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

(၃) ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

(၄) ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

(၅) ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

(၆) ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

(၇) ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

[အတ္ထိပစ္စည်းသည် အဝိဂတပစ္စည်းနှင့် လုံးဝတူ၏။]

## ၂၂-နတ္ထိပစ္စယ

နတ္ထိပစ္စယောတိ—

သမနန္တရနိရုဒ္ဓါ **စိတ္တစေတသိကာ ဓမ္မာ** ပဋုပ္ပန္နာနံ စိတ္တ**စေတသိကာနံ ဓမ္မာနံ** နတ္ထိပစ္စယေန ပစ္စယော။

## ၂၃။ ဝိဂတပစ္စယ

ဝိဂတပစ္စယောတိ—

သမနန္တရဝိဂတာ **စိတ္တစေတသိကာ** ဓမ္မာ ပဋုပ္ပန္နာနံ စိတ္တ**စေတသိကာနံ**ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော။

## ၂၄။ အဝိဂတပစ္စယ

အဝိဂတပစ္စယောတိ—

(၁) **စတ္တာရော** ခန္ဓာ အရူပိနော အညမညံ အဝိဂတပစ္စယေန ပစ္စယော။

(၂) စတ္တာရော **မဟာဘူတာ** အညမညံ အဝိဂတပစ္စယေန ပစ္စယော။

(၃) ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အဝိဂတပစ္စယေန ပစ္စယော။

(၄) **စိတ္တစေတသိကာ** ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဝိဂတပစ္စယေန ပစ္စယော။

(၅) မဟာဘူတာ ဥပါဒါရူပါနံ အဝိဂတပစ္စယေန ပစ္စယော။

(၁) **စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ** တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

(၂) သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

(၃) ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

(၄) ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

(၅ ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

(၁) ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

(၂) သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

(၃) ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

(၄) ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယေနပစ္စယော။

(၅) ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

(၆) ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

(၇) ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ပစ္စယနိဒ္ဒေသော နိဋ္ဌိတော။

(ပဋ္ဌာန်း ၂၄ ပစ္စည်းအကျယ်ပြီး၏။)

# ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်

## မြန်မာပြန် (အကျဉ်း)

၁။ **ဟေတုပစ္စယော**=ဟိတ် ၆-ပါးဖြစ်၍ ပစ္စယုပ္ပန်တရားတို့အား အမြစ်သဖွယ် ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

၂။ **အာရမ္မဏပစ္စယော**=အာရုံ ၆-ပါးဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

၃။ **အဓိပတိပစ္စယော**=အကြီးအမှူးဖြစ်၍ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

၄။ **အနန္တရပစ္စယော**=အခြားမရှိ ဆက်တည်း ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

၅။ **သမနန္တရပစ္စယော**=လုံး၀ အခြားမရှိ ဆက်တည်း ဖြစ်၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

၆။ **သဟဇာတပစ္စယော**=အတူတကွဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

၇။ **အညမညပစ္စယော**=အချင်းချင်း အပြန်အလှန်ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

၈။ **နိဿယပစ္စယော**=မှီရာဖြစ်၍ ကျေးဇူး ပြု တတ် သော တရားလည်းကောင်း။

၉။ **ဥပနိဿယပစ္စယော**=အားကြီးသော အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

၁၀။ **ပုရေဇာတပစ္စယော**=ရှေး၌ ဖြစ်နှင့်၍ ကျေးဇူးပြု တတ်သော တရားလည်းကောင်း။

၁၁။ **ပစ္ဆာဇာတပစ္စယော**=နောက်မှဖြစ်၍ကျေးဇူးပြုတတ် သော တရားလည်းကောင်း။

၁၂။ **အာသေဝနပစ္စယော**=အဖန်တလဲလဲ မှီဝဲထုံအပ်သည် ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

၁၃။ **ကမ္မပစ္စယော**=အကြောင်း'ကံ'တရားဖြစ်၍ ကျေးဇူး ပြုတတ်သော တရားလည်းကောင်း။

၁၄။ **ဝိပါကပစ္စယော**=အကျိုး ဝိပါက်ဖြစ်၍ ကျေးဇူးပြု တတ်သော တရားလည်းကောင်း။

၁၅။ **အာဟာရပစ္စယော**=ထောက်ပံ့ ခိုင်ခန့်စေတတ်သည် ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

၁၆။ **ဣန္ဒြိယပစ္စယော**=အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ် သောတရားလည်းကောင်း။

၁၇။ **ဈာနပစ္စယော**=ကပ်၍ စူးစူးစိုက်စိုက် ရှုတတ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

၁၈။ **မဂ္ဂပစ္စယော**=ထွက်မြောက်ကြောင်း နည်းလမ်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

၁၉။ **သမ္ပယုတ္တပစ္စယော**=အတူယှဉ်တွဲသည်ဖြစ်၍ ကျေးဇူး ပြုတတ်သော တရားလည်းကောင်း၊

၂၀။ **ဝိပ္ပယုတ္တပစ္စယော**=အတူမယှဉ်တွဲသည်ဖြစ်၍ကျေးဇူး ပြုတတ်သော တရားလည်းကောင်း။

၂၁။ **အတ္ထိပစ္စယော**=ထင်ရှား ရှိဆဲဖြစ်၍ ကျေးဇူး ပြုတတ်သောတရား လည်းကောင်း။

၂၂။ နတ္ထိပစ္စယော=ထင်ရှား မရှိသည့်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

၂၃။ ဝိဂတပစ္စယော=ငင်မဲ့ချုပ်ပျောက်သည်ဖြစ်၍ကျေးဇူးပြုတတ်သောတရားလည်းကောင်း။

၂၄။ အဝိဂတပစ္စယော=မချုပ်မပျောက် ထင်ရှား ရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

## တနည်း။ မြန်မာပြန် (အကျယ်)

၁။ **ဟေတုပစ္စယော**=ရေသောက်မြစ်လျှောင်း ယင်း ယင်းကို စိမ်းရှင်ညွန့်ဝေ၊ ရည်ပင်လေလာ၊ ထောက်ပံ့သူ သပေး ဝေ၊ ရပ်နှင့်နှောမ်ကို၊ သန္ဓေဝတ်၊ မလှုတ်စေရ၊ ... ... နှစ်ဖြာ တွင် ကောင်းစွာခိုင်ကျည်၊ ကြည်လည်၍ ... ... ပြုလေ တတ်သော ဟေတုပတ္တိသူးနှင့် ကျေးဇူးပြုခြင်း လက္ခဏာရှိ သော ဟိတ် ၆-ပါးပစ္စည်းတရားလည်းကောင်း။

၂။ **အာ မ္မဏပစ္စယော**=အောင်ပွဲကြိုးကမ်း ... ... မပန်းရလေ၊ ထိုင်ထတစေသို့၊ စိတ်စေလေးတန်၊ နာမက္ခန့်က၊ ဖြစ်ဟန်တူစွာ၊ ရှစ်သဘာတွင်၊ ဆွဲငင်တောက်ရောက် ရှိ၍ ဖြစ် တည်းဟူသော အာရမ္မဏ သတ္တိကြောင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ... ၆-ပါး ပစ္စည်း တရားလည်းကောင်း။

၃။ **အဓိပတိပစ္စယော**=စကြဘုန်းငူ မျှားဗိုလ်လူကို၊ ပိုင်သူမရှိ၊ စိုးအုပ်ဘိသို့၊ ဟသိမောဟ၊ ကြည်ပသည့်ဇော၊ လောကမူလ၊

အင္ဂပုညာ၊ ကြိယာသမ္ပယုတ်၊ လောကုတ်ရှစ်အား၊ ဆယ့်ခြောက်ပါးတွင်၊ ကြီးမားလွှမ်းမိုး၊အစိုးရခြင်းဟူသော အဓိပတိ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော **"ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ(ပညာ)"** ဟူသော **"သဟဇာတာဓိပတိ"** ၄-ပါး။ ။ ဒုက္ခသား၊ မောဟကြည်စိတ်၊ လူ့နိပ္ပန်၊ နိဗ္ဗာန်ဟူသော **"အာရမ္မဏာဓိပတိ"** ၆ ပါးပစ္စည်းတရား လည်းကောင်း။

၄။ **အနန္တရပစ္စယော=** ပျော်စံနုတ်ရွာ၊ စကြာမင်းဖျား၊ သားကြီးအားသို့၊ အခြားမဲ့နေ၊ စိတ်နှင့်စေကို၊ မကွေ့တူစွာ၊ ခုနစ်ဖြာတွင်၊ သမာနဇာတ်၊ ခြားမပြတ်ပဲ၊ ဖြစ်စေတတ်သော အနန္တရသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော ရှေးရှေးသောနာမ်ခန္ဓာ ၄-ပါး အနန္တရပစ္စည်းတရားလည်းကောင်း။

၅။ **သမနန္တရပစ္စယော=** စည်းစိမ်မပျက်၊ တောကြီးထွက်သည့်၊ စက္ကဝတ်မင်းဖျား၊ သားကြီးအားသို့၊ အခြားမဲ့နေ၊ စိတ်နှင့်စေကို၊ မကွေ့ပိုင်ဘက်၊ ခုနစ်ချက်တွင်၊ အောက်ထက်ယာဝဲ၊ ဝေခွဲမရှိ၊ မိမိတမူ၊ ထူးသည့်အဖြစ်၊ ဆောင်လစ်ပမာ၊ ကောင်းမွန်စွာလျှင်၊ သမာနဇာတ်၊ ခြားမပြတ်ပဲ၊ ဖြစ်စေတတ်သော၊ သမနန္တရသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးနာမ် ခန္ဓာ ၄ ပါးသမနန္တရပစ္စည်းတရားလည်းကောင်း။

၆။ **သဟဇာတပစ္စယော=** အလင်းဖြစ်မှု၊ ဆီမီးပြုသည်။ တန္တုပမာ၊ သဟဇာတ၊ နာမ်နှင့်ရုပ်၊ ဘူတုပ္ပါဒါ၊ သဒ္ဓါလည်း၊ ဝိပါကတ္တ၊ ယင်းခြောက်ခုအား၊ တူငြားအဋ္ဌ၊ သဘာဂတွင်၊ တကွမကွေ့၊ ဖြစ်စေခြင်းဟူသော သဟဇာတ သတ္တိထူးဖြင့်ကျေးဇူးပြုခြင်းလက္ခဏာရှိသော နာမ်,မဟာဘု၊ဝတ္ထု,ပါက၊ သဟဇာတ ၆-ပါး ပစ္စည်းတရားလည်းကောင်း။

၇။ **အညမညပစ္စယော**= သစ်သားသုံးခွ၊ ချင်းချင်းမှီ၍ ဥပကာရ၊ ထောက်ပံ့လာသော၊ နာမ်မဟာဘုတ်၊ ဝတ္ထု၊ နာမ်အား၊ **တူရှစ်ပါး**တွင်၊ ထောက်ထားလှန်ပြင်း၊ အချင်းချင်း **ဟူသော** အညမညသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော **နာမ်**၊ မဟာဘုတ်၊ ဝတ္ထု၊ ပါက၊ အညမည ၃-ပါး ပစ္စည်းတရား လည်း **ကောင်း**။

၈။ **နိဿယပစ္စယော**— သစ်ပင်အားမြေ၊ ထောက်ပံ့ပေသို၊ နှစ်ထွေ ရုပ်နာမ်၊ သဟဇာတအားလည်းကောင်း။ စိတ္တ၊ ကမ္မ၊ ပဋ္ဌ ပံ့ဟန်၊ သတ်ဝိညာဏ်အားလည်းကောင်း။ တူမှန်သဘာ၊ ဆယ့်သုံး ဖြာတွင်၊ တည်ရာ မှီရာဟူသော သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်၊မဟာဘုတ်၊ ဝတ္ထု၊ပါကဟူသော "**သဟ ဇာတနိဿယ**"၆-ပါး။ ပစ္ဆတ္ထိစု၊ ဆဝတ္ထုဟူသော "**ပုရေဇာတ နိဿယ**"၆-ပါးတရားလည်းကောင်း။

၉။ **ဥပနိဿယပစ္စယော** -မိုးနှင့်မကောင်း၊ စုံခပင်းကို၊မိုးတွင်း ခြိမ့်အုန်း၊ ထစ်ချုန်းမည်ကျိုး၊ ရှာသည့်မိုးသို၊ သုံးမျိုးပြား လတ်၊ စိတ္တုပ္ပါဒ်အား၊ ဆယ်လေးပါးတွင်၊ အားကြီးသော **မှီရာအကြောင်း၏** အဖြစ်တည်းဟူသော ဥပနိဿယသတ္တိထူး ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဒုက္ခသဟ၊ မောဟကြဉ်စိတ်၊ လွှင့်နိပ္ဖန်၊ နိဗ္ဗာန်ဟူသော "**အာရမ္မဏူပနိဿယ**" ရှေးရှေးသော **နာမက္ခန်ဟူသော "အနန္တရူပနိဿယ"** ဖြစ်ဟာရုပ်၊ စိတ္တုပ်၊ ညာတ် **ဟူသော ပကတူပနိဿယ** ၃-ပါး ပစ္စည်း တရားလည်းကောင်း။

၁၀။ **ပုရေဇာတပစ္စယော**—အလင်းမှီနေ၊ မျှော်ပိုလ်ခြေကို၊ **ကပ္ပေစစ္စာ၊ ပေါ်လာထွန်းပ၊** နေနှင့်လ၊ သို၊ နောက်မှဖြစ်လေ

စိတ်နှင့်စေအား၊ တူကိုးပါးတွင်၊ ရှေးဖျားဖြစ်၍၊ ပစ္စုပ္ပန်နေ၊ ပုရေဇာတ သတ္တိတူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဆဝတ္ထုဟူသော '**ဝတ္ထုပုရေဇာတ**'၊ နိပ္ဖန္နရုပ်ဟူသော '**အာရမ္မဏပုရေဇာတ**' ၂-ပါးပစ္စည်း တရားလည်းကောင်း။

၁၁။ **ပစ္ဆာဇာတပစ္စယော**–လင်းတပေါက်စ၊ ကိုယ်ကာယ အား၊ အာဟာရဝယ်၊ တာတွယ်အာသာ၊ စေတနာသို့၊ ပုရာ ဇာတ၊ ရုပ်ဓမ္မအား၊ မျိုးလေးပါးတွင်၊ နောက်ပါး၌ဖြစ်သဖြင့် ထောက်ပံ့နိုင်မာ၊ ပစ္ဆာဇာတသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နောက်နောက် ပဋ္ဌဝေါကာ နာမ်ခန္ဓာ၄-ပါး ပစ္စည်းတရားလည်းကောင်း။

၁၂။ **အာသေဝနပစ္စယော**— နောက်နောက် မွန်းလေး၊ သာလွန်မွေးအောင်၊ ရှေးရှေးတုံထား၊ နှံ့သာလားသို့၊ မခြား မပြတ်၊ မျိုးဇာတ်တူစွာ၊ ကုသလာ ကုသလ၊ ကြိယာသဘော၊ နောက်နောက်ဇောအား၊ တူခြောက်ပါးတွင်၊ ခွန်အားပနံပြင်း ယူစေလျှင်း၍၊ ထုံခြင်းဟူသော အာသေဝနသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးလောကီဇော သတ္တစ တ္တာလီသ (၄၇) **အာသေဝန** ၃-ပါးပစ္စည်း တရားလည်း ကောင်း။

၁၃။ **ကမ္မပစ္စယော**— သစ်ပင်တို့အား၊ မျိုးစေ့လားသို့ ကြွင်းကြေးတူလတ်၊ သဟဇာတ်ဖြင့်၊ ကဋ္ဌတ္တာဝိပါက်၊ ဤ နှစ် ချက်အား၊ တဆယ့်ငါးတွင်၊ အားပါးထုတ်ထ၊ လုံ့လာည်း စွာ၊ အမူအရာဟူသော ကမ္မသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟဇာတ်စေတနာ ဟူသော '**သဟဇာတ**

**ကမ္မ** အတိတ်ကုသိုလ်၊ အကုသိုလ်စေတနာဟူသော '**နာနက္ခဏိကကမ္မ**' ၂-ပါးပစ္စည်းတရားလည်းကောင်း။

၁၄။ **ဝိပါကပစ္စယော—** ဗျာပါမထွေ၊ အေးအေးနေသို့ မကြွေဖြစ်လတ်၊ သဟဇာတ်အား၊ မျိုးရှစ်ပါးတွင်၊ အင်အားချည့်ပန်း၊ ငြိမ်းချမ်းစေလျက်၊ ငြိမ်သက်ခြင်းဟူသော 'ဝိပါက သတ္တိထူး'ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိပါက်နာမက္ခန္ဓာဟူသော ဝိပါကပစ္စည်းလည်းကောင်း။

၁၅။ **အာဟာရပစ္စယော**· မယိမ်းမယိုင်၊ခိုင်စေသောအား၊ ထောက်သည့်ကျားသို့၊ နှစ်ပါးသဟဇာ၊ ရုပ်နှင့်နာမ်အား လည်းကောင်း၊ လေးတန်သန္တတိ၊ သမုဋ္ဌာန်ကရုပ်အား လည်းကောင်း၊ ယထာက္ကမ၊ ဒွါဒသ (၁၂) မျိုးတွင်၊ ဆောင်ယူထောက်ပံ့ခြင်းတည်းဟူသော အာဟာရသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော 'ဖဿ, စေတနာ, ဝိညာဏ်' ဟူသော '**နာမ်အာဟာရ**' သုံးပါး၊ စတုသမုဋ္ဌာနိက ဩဇာ ဟူသော 'ရုပ်အာဟာရ' ပစ္စည်းတရားလည်းကောင်း။

၁၆။ **ဣန္ဒြိယပစ္စယော**– တပြည့်တွင်း၌၊ ချင်းချင်းမဟန့်၊ သီးမသန့်ပဲ၊ စွဲခန့်ပိုင်စား၊ မင်းငယ်များသို့၊ သုံးပါးပြားလတ်၊ သဟဇာတ်နှင့်၊ ဓာတ်ပဋ္ဌဝိညာဏ၊ ကမ္မဇရုပ်အား၊ တူဆယ့်ငါးတွင်၊ အခြားမသွေ၊ မိမိသို့ လိုက်စေခြင်းဟူသော ဣန္ဒြိယ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်ဣန္ဒြေ ရှစ်ပါးဟူသော '**သဟဇာတိန္ဒြိယ**' မဏ္ဍိမာယုကာ ပသာဒရုပ် ငါးပါးဟူသော **ပုရေဇာတိန္ဒြိယ**၊ ဇီဝိတရုပ်ဟူသော '**ရူပဇီဝိတိန္ဒြိယ**' ၃-ပါးပစ္စည်းတရားလည်းကောင်း။

၁၇။ **ဈာနပစ္စယော**-- သစ်ပင်တောင်ငူ၊ တက်သသူသည်၊ အောက်လူတို့အား၊ ပြောသည့်လားသို့၊ နှစ်ပါးရုပ်နာမ်၊ သဟဇာတ်အား၊ ဆယ့်တပါးတွင်၊ ထင်ရှားတပ်တပ်၊ ကပ်၍ ရှုခြင်းဟူသော ဈာနသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော၊ ပဉ္စဝိညာဉ်ကြဉ်၊ စိတ်မှာယှဉ်သည့် ဈာနင် ၇-ပါးပစ္စည်း တရားလည်းကောင်း။

၁၈။ **မဂ္ဂပစ္စယော**--ထိုဤမှာသို့၊ ဆောင်ယူပို့သည့်၊ ကူးတို့ မသွေ၊ သဟေတုကတ်၊ သဟဇာတ်အား၊ ဆယ့်သုံးပါးတွင်၊ ဖြူစင်မည်းညစ်၊ ဤအဖြစ်မှ၊ ပြန်လှစ်ဆူလှယ်၊ ထုတ်ဆယ် ဆောင်ယူ၊ ထွက်မြောက်ကြောင်း ဟူသော မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော၊ သဟိတ်မှာယှဉ်၊ မဂ္ဂင် ၁၂-ပါး ပစ္စည်းတရား လည်းကောင်း။

၁၉။ **သမ္ပယုတ္တပစ္စယော**--စတုမဓူ၊ ရောသည့်တူသို့၊ လေးဆူ နာမ်အား၊ ခုနစ်ပါးတွင်၊ လေးပါးအင်္ဂါ၊ မကွာချင်းချင်း၊ ယှဉ်ကြခြင်းဟူသော သမ္ပယုတ္တ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်ခန္ဓာ၄-ပါး သမ္ပယုတ္တ ပစ္စည်းတရား လည်းကောင်း။

၂၀။ **ဝိပ္ပယုတ္တပစ္စယော**--ခြောက်ထွေရသာ၊ ပေါင်းရော ပါသို့၊ သဟဇာရုပ်၊ ဝတ္ထုသန္ဓေ၊ အစထွေသား၊ သုံးမျိုး အားကို၊ တူငြားသဘာ၊ ဆယ့်သုံးဖြာတွင်၊ နာနာဘာဝ၊ မယှဉ်ကြခြင်း ဟူသော ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ပဉ္စဝေါကာရ, ရူပသမုဋ္ဌာနိက၊ စိတ်,စေ, သန္ဓေ,ဟဒယစသော ‘သဟဇာတဝိပ္ပယုတ်၊ ပုရေဇာတဝိပ္ပယုတ်၊ ပစ္ဆာဇာတဝိပ္ပယုတ်’’ ၃-ပါး ပစ္စည်းတရား လည်းကောင်း။

၂၁။ **အတ္ထိပစ္စယော** – မြေမြင်းမိုရ်သည်၊ ထိုထိုစိမ်းရှင်၊ မြက်သစ်ပင်အား၊ ထင်ရှားရှိနေ၊ ထောက်ပံ့ပေသို့၊ ထွက်ရေကိုထံ၊ ရုပ်နှင့်နာမ်အား၊ ဆယ့်ငါးပါးတွင်၊ ထင်ရှားရှိခိုက်၊ အထိုက်လျှော်ထ၊ ဥပတ္ထမ္ဘက သတ္တိထူးဖြင့်၊ ကျေးဇူးပြုခြင်း လက္ခဏာရှိသော၊ ထိုထိုရုပ်နာမ် ဟူသော "သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ အာဟာရတ္ထိ၊ ဣန္ဒြိယတ္ထိ၊" ၅-ပါး ပစ္စည်းတရား လည်းကောင်း။

(ဤ အတ္ထိပစ္စည်းသည် အစဉ်အတိုင်း သဟဇာတ၊ ပုရေဇာတ၊ ပစ္ဆာဇာတ ရုပ်အာဟာရ၊ ရူပဇီဝိတိန္ဒြိယ ၅-ပါးတို့နှင့် တူ၏။)

၂၂။ နတ္ထိပစ္စယော မိုက်မှောင်ဖြစ်စေ၊ ငြိမ်းသောလေပြီး၊ ဆိမ်းမိမ်းပုံသွေး၊ ဖြစ်ခွင့်ပေး၍၊ ကျေးဇူးပြုခြင်း လက္ခဏာရှိသော နတ္ထိပစ္စည်းတရားလည်းကောင်း။

(အနန္တရနည်းတူ)

၂၃။ **ဝိဂတပစ္စယော** နေရောင်ပျောက်ကင်း၊ လရောင်လင်းသို့၊ ချုပ်ကင်းသောအားဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိဂတပစ္စည်းတရားလည်းကောင်း။

(အနန္တရနည်းတူ)

၂၄။ **အဝိဂတပစ္စယော** — ငါးတို့ပျော်ရာ၊ မဟာသမုဒ်၊ ရေအစုတ်သို့၊ မချုပ်ကင်းလင်း၊ မကင်းသော အဖြစ်ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော အဝိဂတ ပစ္စည်းတရား လည်းကောင်း။

(အတ္ထိနည်းတူ)

# ပစ္စယနိဒ္ဒေသ ပါဠိတော်

## မြန်မာပြန်နှင့် အဓိပ္ပာယ်

## ၁။ ဟေတုပစ္စည်း

## မြန်မာပြန်

ဟေတုပစ္စည်း ဟူသည်ကား—

လောဘ, ဒေါသ, မောဟ၊ အလောဘ, အဒေါသ, အမောဟ-ဟူသော ဟိတ် ၆-ပါး တရားတို့သည်... ဟိတ် ၆-ပါးနှင့်ယှဉ်သည့် သဟိတ်စိတ်,စေတသိက် နာမ်တရားတို့အား လည်းကောင်း။ ထိုဟိတ် ၆ ပါးတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား လည်းကောင်း၊ 'အကြောင်းရင်း' ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

### အဓိပ္ပာယ်ရှင်းလင်းချက်

**ပစ္စည်းနှင့်ပစ္စယုပ္ပန်**။ ။'ပစ္စည်း၊ (ပစ္စယ) ဟူသည် အကြောင်းတရားပင်တည်း။ အကျိုးတရားများကို ဖြစ်စေတတ်သော အကြောင်းတရား—ဟူလို။ **'ပစ္စယုပ္ပန်'** ဟူသည် အကျိုးတရားပင်တည်း။ အကြောင်းတရားကြောင့် ဖြစ်ပေါ်လာသည့် အကျိုးတရား-ဟူလို။ **'ပစ္စယသတ္တိ'** ဟူသည် အကြောင်းတရားအဖြစ်ဖြင့် အကျိုးတရားတို့အား ကျေးဇူးပြုတတ်သည့် အစွမ်းသတ္တိကို ဆိုလိုသည်။ **'ကျေးဇူးပြုခြင်း'** ဟူသည် (၁) မဖြစ်ပေါ်သေးသည်ကို ဖြစ်ပေါ်စေခြင်း၊ (၂) ဖြစ်ပေါ်ပြီးသည်ကို တည်တံ့နေခြင်း၊ (၃) တည်တံ့နေသည်ကို တိုးပွားစေခြင်း တို့ကို ဆိုလိုသည်။

**ဟေတုသဘော။** ။ဟေတု=ဟိတ်ဟူသည် အရင်းအမြစ်၊ အရင်းခံ၊ မူလဟု ဆိုလိုသည်။ ထိုဟိတ်တရားတို့သည် ၆-ပါး ရှိရာ (က) လောဘ, ဒေါသ, မောဟ-ဤ သုံးပါးတို့သည် မကောင်းသော အကြောင်းရင်း ဟိတ်တရားများ ဖြစ်၍၊ (ခ) အလောဘ, အဒေါသ, အမောဟ-ဤ ၃-ပါးတို့သည် ကောင်းသော အကြောင်းရင်း ဟိတ်တရားများ ဖြစ်သည်။

**ကျေးဇူးပြုပုံ။** ။ထို ၆-ပါးသော ဟိတ်တရားတို့သည် ဟေတုပစ္စည်း၏ အကြောင်းပစ္စည်းတရားများဖြစ်၏။ ထို ဟိတ် ၆-ပါး ပစ္စည်းတရားတို့သည် စိတ်, စေတသိက် နာမ်တရားများ၊ ထို ဟိတ် ၆-ပါးတို့ကြောင့် ဖြစ်ကြသည့် စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အား တည်တံ့နေဖို့ရာ အရင်းခံ အကြောင်းတရား အဖြစ်ဖြင့် ကျေးဇူးပြုတတ်သည့် သတ္တိရှိကုန်၏။ ဥပမာအားဖြင့်-သစ်ပင်တို့၏ ရေသောက်မြစ်သည် ထိုသစ်ပင်အား မယိုင်မလဲ၊ ခိုင်မြဲကြီးပွား, စည်ကားအောင် ကျေးဇူးပြုသကဲ့သို့၊ ထိုအတူ ဟိတ် ၆-ပါးပစ္စည်း တရားတို့သည် မိမိတို့နှင့်အဘူယှဉ်၍ ဖြစ်ကုန်သော 'သဟိတ်' စိတ်, စေတသိက် နာမ်တရားများနှင့် မိမိတို့ ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား မယိုင်မလဲ, ခိုင်မြဲကြီးပွား, စည်ကားအောင် ကျေးဇူးပြု ကြသည်။ ထို ဟိတ် ၆-ပါးတို့တွင် (၁) မကောင်းသော ဟိတ် ၃-ပါးတို့က မိမိတို့ဆိုင်ရာ မကောင်းသော အကုသိုလ် စိတ်, စေတသိက် နာမ်တရားများနှင့် စိတ္တဇ, ပဋိသန္ဓေကမ္မဇရုပ် တို့အား ကျေးဇူးပြု၍၊ (၂) ကောင်းသော ဟိတ် ၃-ပါးတို့က မိမိတို့ဆိုင်ရာ ကောင်းသောစိတ်,စေတသိက် နာမ်တရားများနှင့် စိတ္တဇ, ပဋိသန္ဓေကမ္မဇရုပ်တို့အား ကျေးဇူးပြုသည်။

## ၂။ အာရမ္မဏပစ္စည်း
### မြန်မာပြန်

အာရမ္မဏပစ္စည်းဟူသည်ကား–

(၁) အဆင်း 'ရူပါရုံ'သည် မြင်သိစိတ် '**စက္ခုဝိညာဏဓာတ်**' ဟူသော စိတ် ၂-ပါးအားလည်းကောင်း၊ ထိုစိတ်နှင့်ယှဉ်သည့် စေတသိက်တရားတို့အားလည်းကောင်း အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၂) အသံ 'သဒ္ဒါရုံ'သည် ကြားသိစိတ် '**သောတဝိညာဏဓာတ်**' ဟူသော စိတ် ၂ ပါးအားလည်းကောင်း၊ထိုစိတ်နှင့် ယှဉ်သည့် စေတသိက်တရားတို့အား လည်းကောင်း အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၃) အနံ့ 'ဂန္ဓာရုံ'သည် နံသိစိတ် '**ဃာနဝိညာဏဓာတ်**' ဟူသော စိတ် ၂-ပါးအားလည်းကောင်း၊ ထိုစိတ်နှင့်ယှဉ်သည့် စေတသိက်တရား တို့အားလည်းကောင်း၊ အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၄) အရသာ'ရသာရုံ' သည် လျက် (စား) သိစိတ် '**ဇိဝှာဝိညာဏဓာတ်**'ဟူသော စိတ် ၂-ပါးအားလည်းကောင်း၊ ထိုစိတ်နှင့်ယှဉ်သည့် စေတသိက်တရားတို့အားလည်းကောင်း အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၅) အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ'သည် ထိသိစိတ် '**ကာယဝိညာဏဓာတ်**'ဟူသောစိတ် ၂-ပါးအားလည်းကောင်း၊ ထိုစိတ်နှင့်ယှဉ်သည့် စေတသိက်တရားတို့အားလည်းကောင်း အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၆) ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ-ဟူသော အာရုံ ၅-ပါးသည်အာရုံကို ဝိုးတဝါးသိမှု မနောဓာတ်'ဟူသော စိတ် ၃-ပါးအားလည်းကောင်း၊ ထိုမနောဓာတ်နှင့် ယှဉ်သည့် စေတသိက်တရားတို့အားလည်းကောင်း အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၇) အလုံးစုံသော အာရုံ ၆-ပါး ပစ္စည်းတရားတို့သည် ကြံသိစိတ် 'မနောဝိညာဏဓာတ်'ဟူသော စိတ် ၇၆ ပါးတို့အား လည်းကောင်း၊ ထိုမနောဝိညာဏဓာတ်နှင့်ယှဉ်သည့် စေတသိက် တရားတို့အားလည်းကောင်း အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူး ပြုသည်။

(၈) အာရုံ ၆-ပါးပစ္စည်းတရားတို့သည် မိမိတို့ကို အာရုံ ပြု၍ ဖြစ်ကြကုန်သော စိတ်,စေတသိက် နာမ်တရား တို့အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

## အစိပ္ပာယ်ရှင်းလင်းချက်

အာရုံဟူသည်။ ။အာရုံဟူသောစကားသည် 'အာရမ္မဏ' နှင့် 'အာလမ္ဗန'ပုဒ်တို့မှ ဆင်းသက်လာသည့်စကားဖြစ်၏။

(၁) 'အာရမ္မဏ·သဒ္ဒါသည် မွေ့လျော်ဖွယ်ရာ အနက်ကို ဟော၏။ အာရုံဟူသည် စိတ်,စေတသိက်တို့၏ မွေ့လျော်ဖွယ်ရာ ဟုဆိုလို၏။မှန်၏·မည်သည့်စိတ်,စေတသိက်မဆို အာရုံနှင့်ကင်း၍ မဖြစ်နိုင်။ သို့ဖြစ်၍ အာရုံမှာ စိတ်,စေတသိက်တရားတို့ မခွဲနိုင် အောင် မွေ့လျော်ဖွယ်ကို ဆောင်သည့် သတ္တိထူးရှိသောကြောင့် လူတို့၏ မွေ့လျော်ခြင်းကိုဆောင်သော မွေ့လျော်ဖွယ် ကောင်း သည့် ဥယျာဉ်ကြီးနှင့်တူ၏။

(၂) **'အာလမ္ဗန'** သဒ္ဒါသည် ဆွဲမှီရာ အနက်ကိုဟော၏။ ယင်းစကားအရအာရုံဟူသည် စိတ်စေတသိက်တို့၏ ဆွဲမှီရာလည်းဖြစ်၏။ မည်သည့်စိတ်၊စေတသိက်မဆို အာရုံတခုခုကို မဆွဲမှီရပဲ မဖြစ်နိုင်ချေ။ သို့ဖြစ်၍ အာရုံမှာ စိတ်၊စေတသိက် တရားတို့၏ ဆွဲမှီရာသဘောကိုဆောင်သောကြောင့်၊ မစွမ်းမသန်သူတို့ ထ-ထိုင်-ရပ်ခြင်းအတွက်ဆွဲကိုင်ရာ ကြိုးတမ်း, တောင်ဝှေးနှင့်တူ၏။

**အာရုံ ၆-ပါး**။ ။ထိုအာရုံသည် 'ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံ၊ဓမ္မာရုံ' ဟူ၍ ၆ မျိုးရှိ၏။ထိုတွင်ဓမ္မာရုံသည်အကျယ်ပြန့်ဆုံးဖြစ်၏။တွေးတောကြံစည်မှုစသည်တို့ ဖြစ်ပေါ်ရာ အာရုံဟူသမျှကို'ဓမ္မာရုံ'(သဘောအာရုံ)ဟုခေါ်၏။ ထိုအာရုံ ၆-ပါးသည် ဝိညာဏဓာတ် ၇-ပါးဟူသော သိမှုစိတ်များနှင့်ယှဉ်ဘက်စေတသိက်များအား အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြသည်။

ဝိညာဏဓာတ် ၇-ပါး။ ။ဝိညာဏဓာတ်ဟူသည် အသိဓာတ်ဟုဆိုလို၏။ အသိဓာတ်ဟူသည် သိခြင်းသဘောရှိသည့် စိတ်ကိုဆိုလို၏။ စိတ်သည် ၈၉-ပါးရှိရာ၊ ယင်းတို့ကို ဝိညာဏ်ဓာတ် ၇-ပါးဖြင့် ခွဲခြားသတ်မှတ်ထား၏။ ထိုတွင် (၁)စက္ခုဝိညာဏ်စိတ် ၂-ပါးကို စက္ခုဝိညာဏဓာတ်ဟု ခေါ်၏။ (၂) သောတဝိညာဏ်စိတ် ၂-ပါးကို သောတဝိညာဏဓာတ်ဟု ခေါ်၏။ (၃) ဃာနဝိညာဏ်စိတ် ၂-ပါးကို ဃာနဝိညာဏဓာတ်ဟု ခေါ်၏။ (၄) ဇိဝှာဝိညာဏ်စိတ် ၂-ပါးကို ဇိဝှာဝိညာဏဓာတ်ဟုခေါ်၏။ (၅) ကာယဝိညာဏ်စိတ် ၂-ပါးကို ကာယ ဝိညာဏဓာတ်ဟု ခေါ်၏။ (၆) ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁-ပါးနှင့် သမ္ပဋိစ္ဆိုင်း စိတ် ၂-ပါးပေါင်း ၃-ပါးကို မနောဓာတ်ဟု

ခေါ်၏။ (၇) ထိုစိတ် ၁၃-ပါးမှ ကြွင်းသော စိတ် ၇၆-ပါး ကို မနောဝိညာဏဓာတ်ဟုခေါ်၏။

အာရုံ ၆-ပါးတို့က ဝိညာဏဓာတ် ၇-ပါး အသီးသီးတို့အား စာကိုယ်ပါအတိုင်း ကျေးဇူးပြုရာတွင် စိတ်နှင့် မကွေမကွာ 'အရိပ်ပမာ'အမြဲယှဉ်တွဲပါရှိသော စေတသိက်တရားများကိုပါ ကျေးဇူးပြုသည်။ စေတသိက်ဟူသည်'လောဘ၊ အလောဘ' စသည့် ကောင်းမကောင်းသော စိတ်၏ ဂုဏ်သတ္တိ ၅၂-မျိုးကို ဆိုလိုသည်။

---

## ၃။ အဓိပတိပစ္စည်း

### မြန်မာပြန်

အဓိပတိပစ္စည်းဟူသည်ကား—

(၁) အဓိပတိ=အကြီးအမှူးဖြစ်သော 'ဆန္ဒ'သည် ဆန္ဒနှင့် ယှဉ်သည့် ဇောစိတ်, စေတသိက်တရားတို့အား လည်းကောင်း၊ ထိုဆန္ဒကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း၊ အကြီးအမှူး'အဓိပတိပစ္စယသတ္တိဖြင့်' ကျေးဇူးပြုသည်။

(၂) အဓိပတိ=အကြီးအမှူးဖြစ်သော 'ဝီရိယ'သည် ဝီရိယနှင့် ယှဉ်သည့်ဇောစိတ်, စေတသိက်တရားတို့အားလည်းကောင်း၊ ထိုဝီရိယကြောင့် ဖြစ်သော စိတ္တဇရုပ်တို့အား လည်းကောင်း၊ အကြီးအမှူး 'အဓိပတိပစ္စယသတ္တိ'ဖြင့် ကျေးဇူးပြုသည်။

(၃) အဓိပတိ=အကြီးအမှူးဖြစ်သော 'စိတ်'သည် စိတ်နှင့် ယှဉ်သည့်စေတသိက်တရားတို့အားလည်းကောင်း၊ ထိုစိတ်ကြောင့်

ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း အကြီးအမှူး'အဓိပတိ ပစ္စယသတ္တိ'ဖြင့် ကျေးဇူးပြုသည်။

(၄) အဓိပတိ = အကြီးအမှူးဖြစ်သော'ပညာ'သည် ပညာနှင့်ယှဉ်သည့် စိတ်,စေတသိက်တရားတို့အားလည်းကောင်း၊ ထိုပညာကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း အကြီးအမှူး'အဓိပတိ ပစ္စယသတ္တိ'ဖြင့် ကျေးဇူးပြုသည်။

[ဤ ၄-မျိုးကို သဟဇာတာဓိပတိဟုခေါ်၏။]

(၅) အလိုရှိအပ်, နှစ်သက်အပ်သော အာရုံ ၆-ပါးပစ္စည်းတရားတို့သည် မိမိတို့ကို အလေးအမြတ် အာရုံပြု၍ ဖြစ်ကြကုန်သော စိတ်,စေတသိက်တရားတို့အား အကြီးအမှူး 'အဓိပတိ ပစ္စယသတ္တိ'ဖြင့် ကျေးဇူးပြုသည်။

[ယင်းကို အာရမ္မဏာဓိပတိ-ဟုခေါ်၏။]

## အဓိပ္ပာယ်ရှင်းလင်းချက်

**အဓိပတိသဘော**။ ။'အဓိပတိဟူသည် အကြီးအမှူးအဖြစ်ဖြင့် ပိုင်ဘက်ကင်း၍ အစိုးရခြင်း သဘောကိုဆိုလိုသည်။ ဤအဓိပတိပစ္စည်း၏ သဘောကို စကြဝတေးမင်း၊ ကေရာဇ်မင်းဖြင့် ဥပမာပြုကြသည် — စကြဝတေးမင်း၊ ကေရာဇ်မင်းတို့သည် မိမိအုပ်ချုပ် စိုးပိုင်သော နိုင်ငံအတွင်း၌ ပြိုင်ဘက်မရှိ၊ မိမိတဦးတည်းသာ 'သက်ဦးဆံပိုင်'အဖြစ်ဖြင့် ပိုင်ပိုင်နိုင်နိုင် အုပ်စိုးလွှမ်းမိုးနိုင်လေသည်။ ထို့အတူပင် အဓိပတိထိုက်သော, ထက်သန် အားကောင်းသည့် 'ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသ(=ပညာ)' တရား ၄-ပါးတို့သည်ရင်း၊ အလွန်အလိုရှိအပ်, နှစ်သက်အပ်သော

အာရုံ ၆-ပါး ပစ္စည်းတရားတို့သည် လည်းကောင်း မိမိတို့ ဆိုင်ရာအကျိုး ပစ္စယုပ္ပန်တရားတို့အား ပိုင်နိုင်စွာ စိုးမိုးအုပ်ချုပ် လွှမ်းမိုးနိုင်သောသတ္တိ ရှိကြလေသည်။

**အဓိပတိပစ္စည်း ၂-မျိုး။** ။အဓိပတိပစ္စည်းသည် "သဟဇာတာဓိပတိ နှင့် အာရမ္မဏာဓိပတိ" ဟု ၂-မျိုးရှိ၏။ ထိုတွင် (၁) အဓိပတိထိုက်သော ဇော'စိတ်'နှင့်ယှဉ်းဇောစိတ်တို့၌ယှဉ်သည့် '**ဆန္ဒ၊ ဝီရိယ၊ ပညာ**'စေတသိက် ၃ ပါး၊ ပေါင်း ၄-ပါးသော အဓိပတိတရားတို့က မိမိတို့နှင့်တတူတကွ(သဟဇာတ)ဖြစ်သော ဇောစိတ်,စေတသိက်တရားများနှင့်မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းသည် '**သဟဇာတာဓိပတိ**'မည်၏။

(၂) သာမန်အာရုံမျိုး၊ အလိုမရှိမနှစ်သက်အပ်သော အာရုံမျိုးမဟုတ်ပဲ၊ အလေးအမြတ် ပြုရလောက်အောင်၊ အလွန် နှစ်သက် တပ်မက်စွဲလမ်းလောက်အောင် အလိုရှိအပ်, အလွန်အလိုရှိအပ်သော အလွန်လွှမ်းမိုး ဆွဲဆောင်နိုင်သော အာရုံ ၆-ပါးတို့က မိမိတို့ကို အလေးအမြတ်'အာရုံ'ပြု၍ ဖြစ်ကြကုန်သော စိတ်, စေတသိက် နာမ်တရားတို့အားကျေးဇူးပြုခြင်းသည် 'အာရမ္မဏာဓိပတိ'မည်၏။

## ၄၊ ၅။ အနန္တရ၊ သမနန္တရပစ္စည်း

မြန်မာပြန်

အနန္တရပစ္စည်းဟူသည်ကား—

(၁) မြင်သိစိတ် '**စက္ခုဝိညာဏဓာတ်**'သည် လည်းကောင်း၊ ထိုစိတ်နှင့် ယှဉ်သည့် စေတသိက် တို့သည် လည်းကောင်း၊

(သမ္ပဋိစ္ဆိုင်းဟူသော)မနောဓာတ်အားလည်းကောင်း၊ ထိုမနော ဓာတ်နှင့် စေတသိက်တို့အားလည်းကောင်း၊ အခြားမဲ့ 'အနန္တရ ပစ္စယသတ္တိ'ဖြင့် ကျေးဇူးပြုသည်။

"သမ္ပဋိစ္ဆိုင်းဟူသော" မနောဓာတ်သည် လည်းကောင်း၊ ထိုမနောဓာတ်နှင့် ယှဉ်သည့် စေတသိက်တို့သည် လည်းကောင်း၊ သန္တီရဏဟူသော မနောဝိညာဏဓာတ်အားလည်းကောင်း၊ ထို မနောဝိညာဏဓာတ်နှင့် ယှဉ်သည့် စေတသိက် တို့အား လည်း ကောင်း၊ 'အနန္တရပစ္စယသတ္တိ'ဖြင့်ကျေးဇူးပြုသည်။

(၂) ကြားသိစိတ် 'သောတဝိညာဏဓာတ်' သည် လည်း ကောင်း၊ (ရှေးနည်းတူ)

"သမ္ပဋိစ္ဆိုင်းဟူသော"မနောဓာတ်သည်လည်းလည်း ကောင်း၊ (ရှေး နည်းတူ)

(၃) နံသိစိတ် 'ဃာနဝိညာဏဓာတ်'သည် လည်းကောင်း၊ (ရှေးနည်းတူ)

"သမ္ပဋိစ္ဆိုင်းဟူသော" မနော ဓာတ်သည် လည်း ကောင်း၊ (ရှေးနည်းတူ)

(၄) လျက်သိစိတ်'ဇိဝှါဝိညာဏဓာတ်'သည်လည်းကောင်း၊ (ရှေးနည်းတူ)

"သမ္ပဋိစ္ဆိုင်းဟူသော" မနော ဓာတ်သည် လည်း ကောင်း၊ (ရှေးနည်းတူ)

(၅) ထိသိစိတ်'ကာယဝိညာဏဓာတ်'သည် လည်းကောင်း၊ (ရှေးနည်းတူ)

"သမ္မဋ္ဌိစ္ဆိုင်း ဟူသော" မနောဓာတ်သည် လည်း ကောင်း၊ (ရှေးနည်းတူ)

(၆) ရှေးရှေး၌ဖြစ်ကုန်သော 'ကုသိုလ်' တရား တို့သည် နောက်နောက်၌ ဖြစ်ကုန်သော 'ကုသိုလ်'တရားတို့အား အနန္တရ ပစ္စသတ္တိဖြင့် ကျေးဇူးပြုသည်။

ရှေးရှေး၌ဖြစ်ကုန်သော 'ကုသိုလ်'တရား တို့သည် နောက် နောက်၌ ဖြစ်ကုန်သော 'အဗျာကတ' တရားတို့အား အနန္တရ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၇) ရှေးရှေး၌ဖြစ်ကုန်သော 'အကုသိုလ်' တရားတို့သည် နောက်နောက်၌ ဖြစ်ကုန်သော 'အကုသိုလ်' တရား တို့အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

ရှေးရှေး၌ဖြစ်ကုန်သော 'အကုသိုလ်'တရားတို့သည် နောက် နောက်၌ဖြစ်ကုန်သော'အဗျာကတ'တရားတို့အား အနန္တရပစ္စယ သတ္တိဖြင့်ကျေးဇူးပြုသည်။

(၈) ရှေးရှေး၌ ဖြစ်ကုန်သော (ဝိပါက်, ကိရိယာ, စိတ် ဟူသော)'အဗျာကတ'တရားတို့သည် နောက်နောက်၌ ဖြစ်ကုန် သော'အဗျာကတ'တရားတို့အား အနန္တရပစ္စယသတ္တိဖြင့် ကျေး ဇူးပြုသည်။

ရှေးရှေး၌ဖြစ်ကုန်သော'အဗျာကတ'တရားတို့သည် နောက် နောက်၌ဖြစ်ကုန်သော 'ကုသိုလ်'တရားတို့အား အနန္တရပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်။

ရှေးရှေး၌ဖြစ်ကုန်သော'အဗျာကတ'တရားတို့သည် နောက်နောက်၌ ဖြစ်ကုန်သော'အကုသိုလ်'တရားတို့အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(ဇ) ရှေးရှေး၌ ဖြစ်ကုန်သော စိတ်, စေတသိက် တရားတို့သည် မိမိတို့၏ အခြားမဲ့ နောက်နောက်၌ဖြစ်ကုန်သော စိတ်, စေတသိက် တရားတို့အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

**('သမနန္တရ'ပစ္စည်း၏ စကားအားလုံးသည်လည်း၊ အထက်ဖော်ပြပါ အနန္တရပစ္စည်း၏စကားနှင့်လုံးဝတူလေသည်။)**

## အဓိပ္ပါယ်ရှင်းချက်

**အနန္တရသဘော**။ 'အနန္တရ'သဒ္ဒါသည်'အခြားမရှိခြင်း၊ အကြားမရှိခြင်း' အနက်ကိုဟောလေရာ၊ ဤ၌ ရှေးစိတ်နှင့် နောက်စိတ်တို့၏အကြား၌ တခုနှင့်တခု ခြားထားသော ကြားတရား တခုမျှမရှိခြင်း- ဟူသော အဓိပ္ပါယ်ထူးကို ဆိုလိုသည်။ ထို့ကြောင့် ယင်း'အနန္တရ'ပုဒ်ကို 'အခြားမဲ့(အခြားမရှိ)'ဟူ၍ ထိုထိုဟိတ်ဖြင့် ရှေးဆရာကြီးတို့ ဘာသာပြန်ကြသည်။ စိတ်တခုသည်ဖြစ်၍ ချုပ်ပြီးနောက် မိမိနှင့်သဘောတူသော အခြားစိတ်တခုအား (ကာလခြားနိုင်သော်လည်း၊ ကြားတရားတခုမျှမခြားပဲ) ဆက်တိုက်ဖြစ်စေနိုင်သည့် သတ္တိရှိသည်။ ယင်းသို့ ဆက်တိုက်ဖြစ်စေနိုင်သည့် သတ္တိကို အနန္တရသတ္တိ-ဟုခေါ်၏။ (ဝါ)နောက်စိတ်အား ဆက်တိုက်ဖြစ်ပေါ်စေအောင် ရှေ့စိတ်က အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်-ဟူလို။

ဥပမာအားဖြင့် စကြဝဠာပြည့်ရှင်မင်းသည် မိမိနတ်ရွာစံပြီးနောက် မိမိ၏သားကြီးအား မိမိ၏ ထီးနန်းအမွေကိုဆက်တိုက်ဆက်ခံအောင် အခွင့်ပေး၏။ (ဝါ) ကျေးဇူးပြု၏။ ထို့အတူ ရှေး၌ဖြစ်သော ဖခင်မင်းနှင့်တူသည့် စိတ်သည် ချုပ်ပျောက်ပြီးနောက်၊ မိမိ၏စိတ်အမူ=ကြံမှုအမွေကို နောက်၌ ဖြစ်သည့် (သားကြီးနှင့်တူသော) စိတ်သစ်တခုအား ဆက်ခံခွင့်ပေးသည်= ဆက်လက်ဖြစ်စေသည်။

**စိတ္တနိယာမ**။ ။ဟူသည် 'စိတ်၏ဖြစ်စဉ်' ကို ဆိုလိုသည်။ ယင်းကို 'ဝီထိ' (စိတ်၏လမ်းကြောင်း) ဟု ခေါ်ပေါ်၏။ အနန္တရပစ္စည်းသည် စိတ္တနိယာမခေါ် ဝီထိစိတ် ဖြစ်စဉ်ကို တိုက်ရိုက်ပြဆိုသော ပစ္စည်းဖြစ်၏။ ရှင်းဦးအံ့–ဥပမာ 'ရူပါရုံ' ကိုမြင်သောအခါ ရှေးဦးစွာ ထိုအာရုံကို ဆင်ခြင်မှု 'အာဝဇ္ဇန်း' စိတ် ထိုနောက် မြင်သိစိတ် 'စက္ခုဝိညာဉ်' စိတ် ထိုနောက် အာရုံကို လက်ခံမှု 'သမ္ပဋိစ္ဆိုင်း' စိတ်၊ ထိုနောက် အာရုံ သဘောကို စူးစမ်းမှု 'သန္တီရဏ' စိတ်၊ ထိုနောက် အာရုံသဘောကို ဆုံးဖြတ်မှု 'ဝုဋ္ဌော' စိတ်၊ ထိုနောက် ထိုအာရုံ၏ ကောင်းမကောင်းသော အရသာကို ခံစားသော 'အကုသိုလ်၊ ကုသိုလ်၊ ကြိယာ (အဗျာကတ)' ဟူသော 'ဇော' စိတ်များ ထိုနောက် ထိုအာရုံကို အာရုံပြုသော 'ဝိပါက် (အဗျာကတ)' ဟူသော 'တဒါရုံ' စိတ်များ ဖြစ်ပြီးနောက်တွင် လှုပ်ရှားမှု ကင်းသော 'ဝိပါက် (အဗျာကတ)' ဖြစ်သည့် 'ဘဝင်' စိတ်များ ဖြစ်သွားတော့သည်။

တဖန် ယင်းဘဝင်စိတ် ရပ်စဲပြီးနောက် အာရုံဘခုခုနှင့် တွေ့ဆုံပြန်သောအခါ စိတ်တို့သည် အောက်ပါ စိတ္တနိယာမ

ခေါ် ဝိထိစိတ်ဖြစ်စဉ် အတိုင်းပင် 'ချားရဟတ်'ကဲ့သို့ လှည့်ပတ်ဖြစ်ကြရပြန်သည်။ ဤသို့စိတ် (စေတသိက်) တို့သည် အဆက်မပြတ် လှည့်ပတ်ဖြစ်ရာဝယ် ရှေးရှေး၌ဖြစ်သော စိတ်က မိမိနှင့် သဘောတူသော စိတ်သစ်တခုကို နောက်နောက်၌ ဆက်လက်ဖြစ်ရစ်စေရန် တွန်းအားပေးသောသတ္တိသည် အနန္တရ သတ္တိပေတည်း။

အနန္တရပစ္စည်း၏ စာကိုယ်၌ အမှတ် (၈)ပါ၊ စာသားသည် ယင်း အထက်က ဖော်ပြထားသည့် စာသားအားလုံးကို ခြုံငုံ၍ အချုပ်ပြသော စကားရပ်ပေတည်း။

**သမနန္တရသဘော**။ ။'သမနန္တရ' ပုဒ်သည် 'အနန္တရ' ကို လေးနက်စွာ ထပ်ဆင့်ရှင်းပြသော စကားသာတည်း။ 'အနန္တရ' သဒ္ဒါက 'အခြားမဲ့၊ အခြားမရှိခြင်း' အနက်ကို ဟော၍ 'သမနန္တရ' သဒ္ဒါက 'အလွန့်ကို (လုံးဝ) အခြား မရှိခြင်း' အနက်ကိုဟောသည်။ ထို့ကြောင့် သမနန္တရပစ္စည်းသည် အနန္တရပစ္စည်းနှင့် စာကိုယ်အားဖြင့် လည်းကောင်း သဘော အဓိပ္ပာယ် အားဖြင့် လုံးဝတူလေသည်။ သမနန္တရ ပစ္စည်းသဘောကို ဥပမာပေးရာ၌လည်း အနန္တရနှင့် တူသည်သာတည်း။ စကြဝတေးမင်း၏ တောထွက်၍ ရဟန်းပြုခြင်းသည် မိမိ၏ သားကြီးအား မိမိ၏ဟီးနန်း အမွေကို ဆက်ခံအောင် အခွင့်ပေးသကဲ့သို့ ထို့အတူ ရှေးရှေးစိတ်သည် မိမိ ချုပ် ပျောက်ပြီးနောက် မိမိ၏အခြားမဲ့၌ နောက်နောက် စိတ်အား ဆက်တိုက် ဖြစ်ရစ်စေရန် သမနန္တရပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည် ဟူ၏။

## ၆။ သဟဇာတပစ္စည်း

### မြန်မာပြန်

သဟဇာတ ပစ္စည်းဟူသည်ကား—

(၁) နာမ်ခန္ဓာ ၄-ပါးတို့သည် အချင်းချင်း အတူ ဖြစ်ဘက် 'သဟဇာတပစ္စယ သတ္တိ'ဖြင့် ကျေးဇူးပြုသည်။

(၂) မဟာဘုတ်ရုပ်ကြီး ၄-ပါးတို့သည် အချင်းချင်း သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၃) 'ပဋိသန္ဓေကာလ' ပဋိသန္ဓေခဏ၌ ပဋိသန္ဓေ နာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်တို့သည် အချင်းချင်း သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၄) စိတ်, စေတသိက်ဟူသော နာမ်ခန္ဓာ ၄-ပါးတို့ သည် စိတ်ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇ ရုပ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၅) မဟာဘုတ်ရုပ်ကြီး ၄-ပါးတို့သည် (မိမိတို့ကို မှီ၍ ဖြစ်ကြသော) အမွန်းတင်ဥပါဒါ ရုပ်တို့အား သဟဇာတ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်။

(၆) ဟဒယဝတ္ထုရုပ်သည် 'ပဋိသန္ဓေ' ပဋိသန္ဓေ နာမ်ခန္ဓာတို့အား 'ပဋိသန္ဓေကာလ'၌ သဟဇာတပစ္စယ သတ္တိ ဖြင့် ကျေးဇူးပြု၍ 'ပဝတ္တိကာလ'၌ သဟဇာတ ပစ္စယသတ္တိ ဖြင့် ကျေးဇူးမပြုချေ။

### အဓိပ္ပာယ်ရှင်းလင်းချက်

**သဟဇာတသဘော။** ။'သဟဇာတ'ဟူသည် အတူတကွ ဖြစ်ခြင်း ဖြစ်စေခြင်း သဘောတည်း။ အတူတကွဖြစ်၍ ဖြစ်

စေ၍ ကျေးဇူးပြုခြင်းကို သဟဇာတပစ္စည်းဟု ခေါ်သည်။ ဥပမာအားဖြင့် ဆီမီးသည် မီမီတောက်သည်နှင့် တပြိုင်နက် အလင်းရောင် ဖြစ်ပေါ်အောင် ကျေးဇူးပြုသကဲ့သို့၊ ထို့အတူ အချို့သော ပစ္စည်းတရားတို့သည် ဖြစ်ပေါ်သည်ရှိသော် မိမိ တမျိုးတည်း ဖြစ်သည်သာမက မိမိတို့နှင့် အတူတကွ ဖြစ်နိုင်ကုန်သော တရားတို့ကိုလည်း အတူတကွပင် ဖြစ်ပေါ်စေနိုင်သော သတ္တိသည် သဟဇာတပစ္စယ သတ္တိမည်၏။

**ဘုံ ၃ မျိုး။** ။ဤပစ္စည်း၌ ဘုံ ၃-မျိုးအကြောင်း မှတ်သားအပ်၏။ (၁) ခန္ဓာ၅-ပါး= ရုပ်နာမ်အစုံရှိသော ဘုံကို '**ပဉ္စဝေါကာရ**' ဘုံဟုခေါ်၏။ ၂၆-ဘုံရှိ၏။ ယင်းဘုံတို့၌ ဖြစ်သော သတ္တဝါတို့မှာ ရုပ်နာမ်ခန္ဓာ အပြည့်အစုံ ရှိ၏။ (၂) နာမ်ခန္ဓာ ၄-ပါးသာရှိသော ဘုံကို '**စတုဝေါကာရ**' ဘုံဟု ခေါ်၏။ ယင်း ဘုံသည် အရူပဗြဟ္မာ ၄–ဘုံဖြစ်၏။ ယင်းဘုံ၌ ရုပ်ခန္ဓာလုံးဝမရှိ။ နာမ်ခန္ဓာသာရှိ၏။ (၃ ရုပ်ခန္ဓာ တပါးသာရှိသော ဘုံကို '**ဧကဝေါကာရ**' ဘုံဟုခေါ်၏။ ယင်းဘုံကား 'အသညသတ်' ဗြဟ္မာဘုံတဘုံတည်း ရှိ၏။ ယင်းဘုံ၌ နာမ်ခန္ဓာ လုံးဝမရှိ။ ရုပ်ခန္ဓာတမျိုးသာရှိ၏။

**ပဋိသန္ဓေ ပဝတ္တိ။** ။သတ္တဝါတို့ ပဋိသန္ဓေ စတည်စ အခါကို 'ပဋိသန္ဓေ' အခါဟု ခေါ်၍ ထိုမှနောက်၌ စုတေသည့်အထိ ဖြစ်သော တဘဝအတွင်းရှိ ကာလကို 'ပဝတ္တိ' အခါဟုခေါ်၏။ ထိုတွင် ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေ အခါ ပယ် ပဋိသန္ဓေစိတ်, စေတသိက်ဟူသော ပဋိသန္ဓေ နာမ်ခန္ဓာ ၄-ပါးနှင့် ဟဒယဝတ္ထုရုပ် တို့သည် တပြိုင်နက်ဖြစ်၏။ ထို

ဟာဒယဝတ္ထုရုပ်သည် ပဉ္စဝေါကာရဘုံ၌သာ ပဋိသန္ဓေအခါ၌ နာမ်၄-ပါးတို့အား ကျေးဇူးပြု၍ ပဝတ္တိအခါ ကျေးဇူး မပြုချေ။

**ရုပ်ကလပ်၄-မျိုး။** ။ရုပ်တရားတို့မည်သည် 'ကံ၊ စိတ်၊ ဥတု၊ အာဟာရ' ဟူသော အကြောင်းတရား လေးပါး၊ တပါးပါးကြောင့် ဖြစ်ရလေရာ၊ ယင်းကို အကြောင်းပြု၍ "ကမ္မဇ၊ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇ' ရုပ်ကလာပ်များဟု ၄-မျိုးခွဲထား၏။ ထိုတွင် ကမ္မဇရုပ်သည် ပဋိသန္ဓေအခါ၌ ဖြစ်သော 'ပဋိသန္ဓေကမ္မဇ'ရုပ်၊ ပဝတ္တိအခါ၌ ဖြစ်သော 'ပဝတ္တိကမ္မဇ'ရုပ်-ဟု ၂-မျိုးရှိ၏။ စိတ္တဇ၊ ဥတုဇ၊ အာဟာရ ဇရုပ်တို့ကား ပဝတ္တိအခါ၌သာ ဖြစ်သည့် ရုပ်များတည်း။ ထို ရုပ်တရားတို့မှာ စုစုပေါင်း ၂၈-ပါးရှိ၏။ ထိုတွင် 'ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော'ဟူသော မဟာဘုတ် ရုပ်ကြီး ၄-ပါးကား အခြေခံ ပဓာနရုပ်များဖြစ်ပြီး။ ကြွင်းသော ရုပ် ၂၄-ပါးကား ထိုမဟာ ဘုတ်ရုပ် ၄-ပါးကို အခြေခံ၍ ဖြစ်ကြရသော အမှန်းတင် 'ဥပါဒါ'ရုပ်များဖြစ်ကြသည်။

**တူရာပစ္စည်းများ။** ။ဤသဟဇာတပစ္စည်း၌ အချက် ၆ ချက် ပါဝင်ရာ၊ ၁-မှ-၅ အထိ ရှေ့(၅)ချက်သည် "နိဿယ၊ အတ္ထိ၊ အဝိဂတ" ပစ္စည်း၃-မျိုး၌လည်းထပ်၍ပါသောကြောင့်"နိဿယ၊ အတ္ထိ၊ အဝိဂတ" ဟူသော ပစ္စယသတ္တိ ၃ မျိုးလည်းရှိကြကုန်၏။ ၁-မှ-၃ အထိ ရှေ့(၃)ချက်သည် 'အညမည' ပစ္စည်း၌လည်း ထပ်၍ ပါပြန်သောကြောင့်၊ 'အညမည' ပစ္စယသတ္တိလည်း ရှိပေသည်။

၆-ချက်၊ ၃-စုံ။ ။ဤသဟဇာတပစ္စည်း၌ အချက် ၆ ချက် ပါဝင်ရာ၊ (၁) '၁'နှင့် '၄'ကို ပေါင်း၍ တစုံ၊ (၂) '၂'နှင့် '၅'ကို ပေါင်း၍ တစုံ၊ (၃) '၃'နှင့်'၆'ကိုပေါင်း၍တစုံ၊ဤသို့ သဘောဆင်တူသည့် အုပ်စု ၃-ခုဖွဲ့၍ အချုပ် မှတ်သားထား နိုင်သည်။

---

## ၇။ အညမညပစ္စည်း

### မြန်မာပြန်

အညမည ပစ္စည်းဟူသည်ကား –

(၁) နာမ်ခန္ဓာ ၄-ပါးတို့သည် အချင်းချင်း 'အညမည' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၂) မဟာဘုတ် ရုပ်ကြီး ၄-ပါးတို့သည် အချင်းချင်း 'အညမည' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၃) 'ပဋိသန္ဓေ ဝါကာရ' ပဋိသန္ဓေခဏ၌ ပဋိသန္ဓေ နာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်တို့သည် အချင်းချင်း 'အညမည'ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်။

### အဓိပ္ပာယ်ရှင်းလင်းချက်

အညမညသဘော။ ။'အညမည'ပစ္စည်းဟူသည် အချင်း ချင်း အပြန်အလှန် ကျေးဇူးပြုနိုင်သော သတ္တိမျိုးဖြစ်၏။ဥပမာ– ခြေထောက် ၃-ချောင်းရှိသည့်ခုံကလေး၌ ခြေထောက်၃-ချောင်း သည် အချင်းချင်းကို ကျေးဇူးပြုကာ၊ တ ချောင်း ကျိုး လျှင် ကျန် ၂-ချောင်းဖြင့် မတည်နိုင်ပဲ၊ ခြေ ၃-ချောင်းလုံး ရှိမှသာ

မပြိုမလဲ တည်နေနိုင်သကဲ့သို့၊ **တနည်း**—အချင်းချင်းကိုမှီ၍ စိုက်ထောင်ထားသော တုတ် ၃-ချောင်းသည် အချင်းချင်းကိုမှီ၊ အချင်းချင်း၏မှီရာလည်းဖြစ်လျက်၊ တချောင်းလဲလျှင် ကျန် ၂-ချောင်းတို့လည်း မတည်နိုင်ပဲ၊ တုတ် ၃-ချောင်းရှိမှသာ မယိုင်မလဲ တည်နေနိုင်သကဲ့သို့၊ ထို့အတူ—အညမည ပစ္စည်းတရားတို့သည်လည်း အချင်းချင်းကိုမှီ၍၊ အချင်းချင်းအား ထောက်ပံ့ ကျေးဇူးပြုထား၍သာ မယိမ်းမယိုင် ခိုင်မြဲစွာ တည်နေနိုင်ကြကုန်၏။

ထို့ကြောင့် (၁) နာမ်ခန္ဓာ ၄-ပါးသည် လည်းကောင်း၊ (၂) မဟာဘုတ်ရုပ်ကြီး ၄ ပါးသည်လည်းကောင်း၊ (၃) ပဋိသန္ဓေ နာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်သည်လည်းကောင်း-ဤတရား ၃-မျိုး အသီးသီးသည် အချင်းချင်းကိုလည်းမှီ၊ အချင်းချင်း၏ မှီရာလည်းဖြစ်လျက် အပြန်အလှန် အညမည ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

---

## ၈။ နိဿယပစ္စည်း

### မြန်မာပြန်

နိဿယပစ္စည်းဟူသည်ကား—

**က-အုပ်စု**။

(၁) **နာ**မ်ခန္ဓာ ၄-ပါးတို့သည် အချင်းချင်း မှီရာ တည်ရာ 'နိဿယ' ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်။

(၂) မဟာဘုတ်ရုပ်ကြီး ၄-ပါးတို့သည် အချင်းချင်း-မှီရာ တည်ရာ 'နိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၃) 'ပဉ္စဝေါကာရ' ပဋိသန္ဓေခဏ၌ ပဋိသန္ဓေ နာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်တို့သည် အချင်းချင်း မှီရာတည်ရာ 'နိဿယ' ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်။

(၄) စိတ်, စေတသိက်ဟူသော နာမ်ခန္ဓာ ၄-ပါးတို့သည် စိတ်ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား မှီရာတည်ရာ 'နိဿယ' ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်။

(၅) မဟာဘုတ်ရုပ်ကြီး ၄-ပါးတို့သည် (မိမိတို့ကို မှီ၍ ဖြစ်သော) အမွန်းတင် 'ဥပါဒါ' ရုပ်တို့အား မှီရာတည်ရာ 'နိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

[ယင်းတို့ကို **'သဟဇာတနိဿယ'** ပစ္စည်းမျိုးဟုခေါ်၏။]

**ခ-အုပ်စု**။

(၁) မျက်စိအကြည် **'စက္ခုပသာဒ'** ဝတ္ထုရုပ်သည် မြင်သိစိတ် **'စက္ခုဝိညာဏစိတ်'** အား လည်းကောင်း၊ ထိုစိတ်နှင့် ယှဉ်သည့် စေတသိက်တို့အား လည်းကောင်း မှီရာတည်ရာ 'နိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၂) နားအကြည် **'သောတပသာဒ'** ဝတ္ထုရုပ်သည် ကြားသိစိတ် **'သောတဝိညာဏစိတ်'** အားလည်းကောင်း၊ ထိုစိတ်တို့နှင့် ယှဉ်သည့် စေတသိက်တို့အား လည်းကောင်း၊ မှီရာတည်ရာ 'နိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၃) နှာခေါင်းအကြည် **'ဃာနပသာဒ'** ဝတ္ထုရုပ်သည် နံသိစိတ် **'ဃာနဝိညာဏစိတ်'** အား လည်းကောင်း၊ ထိုစိတ်နှင့် ယှဉ်သည့် စေတသိက်တို့အား လည်းကောင်း မှီရာတည်ရာ 'နိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၄) လျှာအကြည် **'ဇိဝှါပသာဒ'** ဝတ္ထုရုပ်သည် လျှက်သိစိတ် **'ဇိဝှါဝိညာဏဓာတ်'** အား လည်းကောင်း၊ ထိုစိတ်နှင့်ယှဉ်သည့် စေတသိက်တို့အား လည်းကောင်း မှီရာတည်ရာ 'နိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၅) ကိုယ်အကြည် **'ကာယပသာဒ'** ဝတ္ထုရုပ်သည် ထိသိစိတ် **'ကာယဝိညာဏဓာတ်'** အား လည်းကောင်း၊ ထိုစိတ်နှင့်ယှဉ်သည့် စေတသိက်တို့အား လည်းကောင်း မှီရာတည်ရာ 'နိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၆) နှလုံးအကြည် **'ဟဒယ'** ဝတ္ထုရုပ်သည် မိမိကို မှီ၍ဖြစ်သော 'အာရုံကို ဝိုးတဝါးသိမှု' **မ**နောဓာတ် အားလည်းကောင်း၊ 'အာရုံကို အတူးသိမှု' မနော**ဝိညာဏ**ဓာတ်အားလည်းကောင်း၊ ထိုမနောဓာတ်, မနောဝိညာဏဓာတ် တို့နှင့် ယှဉ်သည့် စေတသိက်တို့အားလည်းကောင်း၊ မှီရာတည်ရာ 'နိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

**[ယင်းတို့ကို 'ဝတ္ထုပုရေဇာတနိဿယ'ဟု ခေါ်၏။]**

## အဓိပ္ပာယ်ရှင်းလင်းချက်

**နိဿယသဘော။** ။'နိဿယ' သဒ္ဒါသည် မှီရာတည်ရာအနက်ကိုဟော၏။ မှီရာတည်ရာအဖြစ် ကျေးဇူးပြုခြင်းသည် နိဿယပစ္စည်းမည်၏။ ဥပမာအားဖြင့်- မြေကြီးသည် သစ်ပင်တို့အား မှီရာတည်ရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့၊ ထို့အတူ ရုပ်နာမ် တရားတို့သည် အခြား တပါးသော ရုပ်နာမ်တရားတို့အား မှီရာတည်ရာ အဖြစ်ဖြင့် ကျေးဇူးပြုကုန်၏။ ဤကား နိဿယပစ္စည်း၏ ယေဘုယျ အဓိပ္ပာယ်တည်း။

အသေးစိတ် အဓိပ္ပာယ်ကား—

**နိဿယပစ္စည်း ၂-မျိုး**။ ။နိဿယပစ္စည်းသည် 'သဟဇာတ၊ ပတ္ထုပုရေဇာတ' ပစ္စည်း ၂ မျိုးနှင့် ဆက်ဆံသောကြောင့် "သဟဇာတနိဿယ၊ ဝတ္ထုပုရေဇာတ နိဿယ'ဟု ၂-မျိုးရှိ၏။

ထိုတွင်—

(၁) **'သဟဇာတနိဿယ'** ဟူသည် 'သဟဇာတ = အတူ တကွလည်းဖြစ်+နိဿယ=မှီရာတည်ရာလည်းဖြစ်''ဟု အဓိပ္ပာယ် ရှိသည်။ ထို့ကြောင့် သဟဇာတ ပစ္စည်း၌ ဖော်ပြခဲ့သော 'အတူတကွဖြစ်၍ ကျေးဇူးပြုသော တရား ၅-မျိုးတို့သည်ပင် မှီရာတည်ရာ 'နိဿယ' အဖြစ်ဖြင့်လည်း ကျေးဇူးပြုသည့် တရား များဖြစ်သောကြောင့် ယင်း **"က-အုပ်စုပါ"** တရား ၅-မျိုးကို 'သဟဇာတနိဿယ' ပစ္စည်းတရားများဟု ခေါ်ခြင်းဖြစ်သည်။

(၂) "**ဝတ္ထုပုရေဇာတ နိဿယ**" ဟူသော ဝေါဟာရ၌ "ဝတ္ထု+ပုရေဇာတ+နိဿယ'ဟု ပုဒ် ၃-ခု ပါဝင်၏။ ထိုတွင် '**ဝတ္ထု**' ဟူသည် စိတ်, စေတသိက် နာမ်တရားတို့ မှီ၍ဖြစ်ရာ 'စက္ခုဝတ္ထု' စသော ဝတ္ထုရုပ်၆-ပါးကို ဆိုလိုသည်။ ယင်းဝတ္ထု ရုပ် ၆-ပါးတို့သည် မိမိတို့ကိုမှီ၍ ဖြစ်ကြရသော စိတ်,စေတသိက် တရားတို့ မဖြစ်မီ ရှေးဦးစွာ ကြိုတင်ဖြစ်နှင့်ကြသည့် တရားများ ဖြစ်၍ '**ပုရေဇာတ**' သဘောကိုလည်း ဆောင်ကြသည်။ ထို့ပြင် ထိုဝတ္ထု ရုပ် ၆-ပါးတို့သည် စိတ်, စေတသိက် တရားတို့၏ မှီရာတည်ရာ ဖြစ်သောကြောင့် '**နိဿယ**' အမည်ကိုလည်း ရကြ သည်။ ထို့ကြောင့် **"ခ-အုပ်စု၌ပါသော"** ထိုဝတ္ထု ရုပ် ၆-ပါး

တို့ကို ဝတ္ထုပုရေဇာတ နိဿယ ပစ္စည်းတရားများဟု ခေါ်ဆိုခြင်းဖြစ်သည်။

(ယင်းဝတ္ထု ရုပ် ၆-ပါးတို့သည် ဖော်ပြမည့် ပုရေဇာတ ပစ္စည်း၌လည်း ပါရှိ၏-ဟု မှတ်ထားပါ။)

ထိုဝတ္ထု ရုပ် ၆-ပါးတို့ကား "စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဟဒယ" ဝတ္ထုရုပ်တို့ ဖြစ်သည်။ ထိုဝတ္ထုရုပ်တို့သည် 'အကြည်ဓာတ်' များဖြစ်သောကြောင့် 'ပသာဒရုပ်' ဟူသော အမည်ကိုလည်း ရကြသည်။ (ဟဒယ-မူကား ဟဒယဝတ္ထုရုပ်ဟုသာ ခေါ်၍၊ ဟဒယပသာဒရုပ်ဟု ခေါ်ဝေါ်လေ့မရှိ။ ရှေ့ ၅-ပါးကိုသာ 'ပသာဒရုပ်' ၅-ပါးဟု ခေါ်လေ့ရှိ၏။) ထိုဝတ္ထုရုပ်၆-ပါးတို့တွင် မျက်စိအကြည် 'စက္ခုပသာဒ' ဝတ္ထုရုပ်သည် အဆင်းရူပါရုံကို မြင်သိမှု 'စက္ခုဝိညာဏ်စိတ်' ၂-ပါးနှင့် ယှဉ်ဘက် စေတသိက်တို့အား 'ဝတ္ထုပုရေဇာတနိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည် "သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ" ပသာဒဝတ္ထုရုပ် အသီးသီးက ကျေးဇူးပြုပုံကိုလည်း စာကိုယ်အတိုင်းသိလေ။

'**ဟဒယဝတ္ထု**'ရုပ် ဟူသည် နှလုံးသား၏အလယ်၌ သွေးများ ပျံ့နှံ့လျက်တည်သော နေရာကို ခေါ်သည်။ ထိုဝတ္ထုရုပ်သည် အထက်ဖော်ပြပါ ဝိညာဏ်စိတ် ၁၀-ပါးမှ ကြွင်းသော 'မနောဓာတ်' ၃-ပါးနှင့် (အရူပဝိပါက်စိတ် ၄-ပါးမှ တပါးသော) မနောဝိညာဏဓာတ် စိတ် ၇၂-ပါး။ ပေါင်း ၇၅-ပါးသော စိတ်နှင့် စေတသိက်တို့အား 'ဝတ္ထုပုရေဇာတနိဿယ' ပစ္စယ

သတ္တိဖြင့် ကျေးဇူးပြုသည်။ ထို့ကြောင့် 'ဟဒယ' ဝတ္ထုကိုမှီ၍ ဖြစ်သော စိတ်ပေါင်းသည် '၇၅-ပါး'ရှိ၏-ဟု မှတ်ပါ။

(ဟဒယဝတ္ထုရုပ်သည် ပစ္ဆေဇာတရုပ်ဘုံ၌သာ ဖြစ်သောကြောင့်၊ ရုပ်မရှိသည့် အရူပဘုံ၌သာ ဖြစ်သော 'အရူပဝိပါက်စိတ် ၄-ပါးတို့ကို နိဿယပစ္စယသတ္တိဖြင့် ကျေးဇူးမပြုခြင်း ဖြစ်သည်။)

တူရာပစ္စည်း ၂-မျိုး။ ။ဤနိဿယပစ္စည်း၌ ပါဝင်သော ပစ္စည်းတရားအားလုံးသည်နောက်ဖော်ပြမည့်"အတ္ထိ၊အဝိဂတ" ပစ္စည်း ၂-မျိုး၌လည်းပါဝင်သောကြောင့် "အတ္ထိ၊ အဝိဂတ" ပစ္စယသတ္တိများလည်း ရှိကြသည်ဟု မှတ်ပါ။

---

## ၉။ ဥပနိဿယ ပစ္စည်း

### မြန်မာပြန်

ဥပနိဿယပစ္စည်းဟူသည်ကား-

(၁) ရှေးရှေး၌ဖြစ်သော 'ကုသိုလ်'တရားတို့သည် နောက်နောက်၌ဖြစ်သော 'ကုသိုလ်' တရားတို့အား အားကြီးသော မှီရာအကြောင်း 'ဥပနိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

ရှေးရှေး၌ဖြစ်သော 'ကုသိုလ်' တရားတို့သည် နောက်နောက်၌ဖြစ်သော 'အကုသိုလ်' တရားအချို့ တို့အား 'ဥပနိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

ရှေးရှေး၌ဖြစ်သော 'ကုသိုလ်'တရားတို့သည် နောက်နောက်၌ဖြစ်သော 'အဗျာကတ'တရားတို့အား 'ဥပနိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၂) ရှေးရှေး၌ဖြစ်သော 'အကုသိုလ်' တရားတို့သည် နောက်နောက်၌ဖြစ်သော'အကုသိုလ်'တရားတို့အား 'ဥပနိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

ရှေးရှေး၌ဖြစ်သော 'အကုသိုလ်' တရားတို့သည် နောက်နောက်၌ ဖြစ်သော 'ကုသိုလ်' တရားအချို့တို့အား 'ဥပနိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

ရှေးရှေး၌ဖြစ်သော 'အကုသိုလ်'တရားတို့သည် နောက်နောက်၌ဖြစ်သော 'အဗျာကတ'တရားတို့အား 'ဥပနိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၃) ရှေးရှေး၌ဖြစ်သော 'အဗျာကတ' တရားတို့သည် နောက်နောက်၌ ဖြစ်သော 'အဗျာကတ' တရားတို့အား 'ဥပနိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

ရှေးရှေး၌ဖြစ်သော 'အဗျာကတ' တရားတို့သည် နောက်နောက်၌ ဖြစ်သော 'ကုသိုလ်' တရားတို့အား 'ဥပနိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

ရှေးရှေး၌ဖြစ်သော 'အဗျာကတ' တရားတို့သည် နောက်နောက်၌ ဖြစ်သော 'အကုသိုလ်'တရားတို့အား 'ဥပနိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၄) 'ဥတု' နှင့် 'ဘောဇဉ်' သည်လည်း 'ဥပနိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

'ပုဂ္ဂိုလ်' သည်လည်း 'ဥပနိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

**'အိမ်ကျောင်း အိပ်ရာနေရာ'** သည်လည်း 'ဥပနိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

## အဓိပ္ပာယ် ရှင်းလင်းချက်

**ဥပနိဿယသဘော။** ။'ဥပနိဿယ' သဒ္ဒါသည် လွန်ကဲ အားကြီးသော မှီရာအကြောင်းဟု အဓိပ္ပာယ်ရှိသည်။ သို့ဖြစ်၍ 'ဥပနိဿယ' ဟူသည် စိတ်စေတသိက် နာမ်တရားတို့ အဆက်မပြတ် 'တရစပ်, တရကြမ်း' ဖြစ်စေရာ၌ သာမန် မဟုတ်ပဲ၊ ပြဆိုခဲ့သည့် 'နိဿယ' ပစ္စည်းထက်ပင် လွန်ကဲအားကြီး သော (ဗလဝဖြစ်သော) မှီရာအကြောင်း ဖြစ်သည့် **သတ္တိ**ကိုဆို လိုသည်။ ထို့ကြောင့် ဥပနိဿယပစ္စည်းကို "မိုးကြီးနှင့်တူ၏"ဟု ဥပမာပြုကြသည်။ မိုးသုံးလပတ်လုံး ရွာသွန်းသော မိုးကြီးသည် မိုးရေကိုမှီ၍ ပေါက်ရောက် ကြီးပွားရသော သစ်ပင်အပေါင်းနှင့် တကွ သတ္တဝါ ဟူသမျှတို့၏ အလွန် အရေးကြီးသော မှီရာ အကြောင်းဖြစ်၏။ ထို့အတူပင် ဥပနိဿယ ပစ္စည်းတရားတို့သည် မိမိတို့ကိုမှီ၍ ဖြစ်ပေါ်ကြကုန်သော အကျိုး 'ပစ္စယုပ္ပန်' တရား တို့အား အားကြီးသော မှီရာအကြောင်း အဖြစ်ဖြင့် ကျေးဇူး ပြုသည့် တရားများ ဖြစ်ကြကုန်၏။

**စိတ် ၄-မျိုး။** ။ဥပနိဿယ ပစ္စည်း၌ စိတ် ၄-မျိုး အကြောင်းကို မှတ်သားရာ၏။ ယင်း စိတ် ၄-မျိုးကား— အကုသိုလ်စိတ်၊ ကုသိုလ်စိတ်၊ ဝိပါက်စိတ်၊ ကိရိယာစိတ်"တို့ ဖြစ်၏။

ထိုတွင်—

(၁) 'အကုသိုလ်စိတ်'ဟူသည် မကောင်းကျိုးကို ပေးတတ်-ဖြစ်စေတတ်သည့် မကောင်းသောစိတ်မျိုး ဖြစ်၏။

(၂) 'ကုသိုလ်စိတ်' ဟူသည် ကောင်းကျိုးကို ပေးတတ်-ဖြစ်စေတတ်သည့် ကောင်းသောစိတ်မျိုး ဖြစ်၏။

(၃) "ဝိပါက်စိတ်" ဟူသည် ထိုကုသိုလ်, အကုသိုလ် ဟူသော အကြောင်း စိတ်များကြောင့် ဖြစ်ပေါ်လာကြသည့် အကျိုးစိတ်မျိုး ဖြစ်၏။

(၄) 'ကိရိယာစိတ်' ဟူသည် အာသဝေါ ကုန်ပြီး၍ နောင် ဘဝသစ်၌ မဖြစ်ကြသော ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌သာ ဖြစ်သော အကျိုးလုံးဝပေးခြင်း မရှိသည့် စိတ်မျိုး ဖြစ်၏။ ယင်း 'ဝိပါက်စိတ်'နှင့် 'ကိရိယာစိတ်' ၂-မျိုးကို 'အဗျာကတ' တရားဟု ပေါင်းခေါ်လေ့ ရှိ၏။

**ဥပနိဿယ ၃-မျိုး**။ ။ဥပနိဿယပစ္စည်းသည် ဖော်ပြပါ "အကုသိုလ်၊ ကုသိုလ်၊ ဝိပါက်၊ ကိရိယာ"ဟူသော စိတ် ၄-မျိုး ကို ဖြစ်ပေါ်စေရာ၌ အလွန်အားကြီးသော မှီရာ အကြောင်း တရားများ အဖြစ်ဖြင့် ကျေးဇူးပြုသော ပစ္စည်း ဖြစ်သည်။ ထို အားကြီးသော အကြောင်းတရားတို့မှာ အချုပ်အားဖြင့် "အာရုံဇ-ပါး၊ အနန္တရူပသတ္တိ၊ ပကတူပသတ္တိ"ဟူ၍ ဖြစ်သည်။ ယင်းအခြေခံ ၃-ချက်တို့ကို အကြောင်းပြု၍ ဥပနိဿယ ပစ္စည်းသည် "အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပ နိဿယ"ဟူ၍ ပစ္စည်းကွဲ ၃-မျိုးဖြစ်လာသည်။

ထိုတွင်—

(၁) **အာရမ္မဏူပနိဿယ**— ထိုစိတ်များ ဖြစ်ပေါ်ရာ၌ ထက်သန် အားကောင်းသော အာရုံမျိုးသည်လည်း အားကြီးသော မှီရာအကြောင်းဖြစ်၍ "အာရမ္မဏူပနိဿယ" ပစ္စည်းတရားမည်၏။ (ဤ သဘောတရားကား ပစ္စယနိဒ္ဒေသ စာကိုယ်၌ မလာင်ရှားချေ။) ထို ထက်သန်အားကောင်းသော အာရုံမျိုးကား 'အာရမ္မဏာဓိပတိ'၌ပြဆိုခဲ့သော အဓိပတိထိုက်သည့် အာရုံမျိုးဖြစ်၏။ ထို အဓိပတိထိုက်သော ထက်သန် အားကောင်းသည့် အာရုံမျိုးသည် စိတ်, စေတသိက်များ အရှိန်အဟုန်ဖြင့် လျင်မြန်စွာ အဆက်မပြတ်ဖြစ်စေရာ၌ အားကြီးသောမှီရာ အကြောင်းဖြစ်၍ 'အာရမ္မဏူပနိဿယ' အမည်ရပြန်သည်။ ယင်းပစ္စည်းသည် အာရမ္မဏာဓိပတိနှင့် လုံးဝတူ၏။

(၂) **အနန္တရူပနိဿယ**—တဖန် စိတ်, စေတသိက်များ အဆက်မပြတ် လျင်မြန်သောအဟုန်ဖြင့် ဖြစ်ကြရာဝယ် ရှေးရှေးစိတ်တို့၌ နောက်နောက်စိတ်များဖြစ်ဖို့ရာ လွန်စွာအားကြီးသော မှီရာအကြောင်း 'အနန္တရူပ' သတ္တိလည်း ရှိကြပေ၏။ ယင်းကို "အနန္တရူပနိဿယ" ဟုအမည်ထူးတခု ပေးထားသည်။ အားကြီးသော 'အနန္တရ' သတ္တိကိုပင် 'အနန္တရူပနိဿယ' သတ္တိဟု ခေါ်ထားခြင်း ဖြစ်သောကြောင့်၊ အနန္တရူပနိဿယ ပစ္စည်းသည် အနန္တရပစ္စည်းနှင့် အတူတူပင် ဖြစ်၏။

(၃) **ပကတူပနိဿယ**—စိတ်, စေတသိက်တရားတို့ ပြင်းထန်သော အဟုန်ဖြင့် အဆက်မပြတ် ဖြစ်ပေါ်စေရန် တွန်းအား

ပေးသည့် သတ္တိမျိုးသည် ဖော်ပြပါ အာရုံများနှင့် ခရုးရှေး စိတ်တို့မှာသာရှိသည် မဟုတ်သေး။ ပကတိအားဖြင့် လွန်စွာ အားကြီးသော အခြား မှီရာ အကြောင်းတို့လည်း များစွာ ရှိကြသေး၏။ ထို အခြားမှီရာ အကြောင်းတရား အားလုံးကို 'ပကတူပနိဿယ'ဟု ခေါ်၏(ဝါ) ပကတူပနိဿယ ပစ္စည်းထဲ၌ ထည့်သွင်းယူအပ်၏။ ထို့ကြောင့် ပကတူပနိဿယ ပစ္စည်း၏ နယ်ပယ်သည် လွန်စွာ ကျယ်ဝန်းလှသဖြင့် ယင်းကို 'ပစ္စည်း ပဒေသာပင်ကြီး'ဟုပင် ခေါ်ဝေါ်သမုတ်ကြကုန်၏။

ဆက်ဦးအံ့—ပုဂ္ဂိုလ် တဦး၏ သန္တာန်၌ ကောင်း-မကောင်း သော"ကုသိုလ်၊ အကုသိုလ်၊ ဝိပါက်၊ကိရိယာ(=အဗျာကတ)" စိတ်တို့ ဟမျိုးမျိုး ဖြစ်ရာ၏။ ထိုသို့ဖြစ်ရာ၌ ကောင်းသော အကြောင်းလည်း ဖြစ်နိုင်၏။ မကောင်းသော အကြောင်းလည်း ဖြစ်နိုင်၏၊ မိမိစိတ်ကို မိမိဘာသာ ပြုပြင်၍လည်း ဖြစ်နိုင်၏၊ သူတပါးတို့က ကိုက်တွန်း၍လည်း ဖြစ်နိုင်၏၊ သူတပါးတို့ ကောင်း-မကောင်းသောအမှု (ကံ)၊ အကျိုးခံစားရပုံကိုကြည့်၍ 'အတုမြင် အတတ်သင်' ဟူသော အကြောင်းကြောင့်လည်း ဖြစ်နိုင်၏။ ပတ်ဝန်းကျင်ရှိ မိမိ တွေ့ကြုံခံစားရသော (ရာသီ ဥတု၊ အစာအာဟာရ၊ ပုဂ္ဂိုလ်၊ အိမ်, ကျောင်း, အိပ်နေရာ- အစရှိသော) သက်ရှိ-သက်မဲ့ အဇ္ဈတ္တဝတ္ထုများ ကြောင့်လည်း ဖြစ်နိုင်၏။ ဤသို့လျှင် ပစ္စုပ္ပန်, အတိတ်, အနာဂတ် တရားများ၊ နိဗ္ဗာန်နှင့် ပညတ်တရားများ ပါဝင်သည့် အကြောင်းတရား များစွာတို့သည် စိတ်, စေတသိက်တို့ အဆက်မပြတ် လျှင်သော အဟုန်ဖြင့် ဖြစ်စေရာ၌ မှီရာအကြောင်း.အဖြစ်ဖြင့် ကျေးဇူးပြု

နိုင်သည့် 'ပကတူပနိဿယ' ပစ္စည်းတရားများဖြစ်၏-ဟု အချုပ် မှတ်ယူအပ်ပေသည်။

(ဥပနိဿယပစ္စည်း၏ ကျေးဇူးပြုပုံ အသေးစိတ်ကို ''ပဋ္ဌာန်းမဟာ' တွင် ကြည့်ပါလေ။)

---

## ၁၀။ ပုရေဇာတပစ္စည်း

### မြန်မာပြန်

ပုရေဇာတပစ္စည်း ဟူသည်ကား—

**က-အုပ်စု။**

(၁) မျက်စိအကြည် '**စက္ခုပသာဒ**' ဝတ္ထုရုပ်သည် မြင်သိစိတ် '**စက္ခုဝိညာဏဓာတ်**' အား လည်းကောင်း၊ ထိုစိတ်နှင့် ယှဉ်သည့် စေတသိက်တို့အား လည်းကောင်း 'ရှေး၌ ဖြစ်နှင့်မှု' 'ပုရေဇာတ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၂) နားအကြည် '**သောတပသာဒ**' ဝတ္ထုရုပ်သည် ကြားသိစိတ် '**သောတဝိညာဏဓာတ်**' အားလည်းကောင်း....(ရှေးနည်းတူ)။

(၃) နှာခေါင်းအကြည် '**ဃာနပသာဒ**' ဝတ္ထုရုပ်သည် နံသိစိတ် '**ဃာနဝိညာဏဓာတ်**' အား လည်းကောင်း....(ရှေးနည်းတူ)။

(၄) လျှာအကြည် '**ဇိဝှါပသာဒ**' ဝတ္ထုရုပ်သည် လျက်သိစိတ် '**ဇိဝှါဝိညာဏဓာတ်**' အား လည်းကောင်း (ရှေးနည်းတူ)။

(၅) ကိုယ်အကြည် 'ကာယပသာဒ' ဝတ္ထုရုပ်သည် 'ထိသိစိတ်' **ကာယဝိညာဏ** ဓာတ်အားလည်းကောင်း၊ (ရှေးနည်းတူ)

[ဤ**က-အုပ်စု**ကို 'ဝတ္ထုပုရေဇာတ(နိဿယ)' ဟုခေါ်၏။]

ခ-အုပ်စု။

(၁) အဆင်း 'ရူပါရုံ'သည် မြင်သိစိတ် 'စက္ခုဝိညာဏ ဓာတ်'အားလည်းကောင်း၊ ထိုစိတ်နှင့် ယှဉ်သည့် စေတသိက်တို့ အားလည်းကောင်း၊ ပုရေဇာတပစ္စယ သတ္တိဖြင့် ကျေးဇူးပြု သည်။

(၂) အသံ 'သဒ္ဒါရုံ'သည် ကြားသိစိတ် 'သောတဝိညာဏ ဓာတ်' အားလည်းကောင်း၊ (ရှေးနည်းတူ)

(၃) အနံ့ 'ဂန္ဓာရုံ'သည် နံသိစိတ် 'ဃာဏဝိညာဏဓာတ်' အားလည်းကောင်း၊ (ရှေးနည်းတူ)

(၄) အရသာ 'ရသာရုံ'သည် လျက်သိစိတ် 'ဇိဝှါဝိညာဏ ဓာတ်'အားလည်းကောင်း၊ (ရှေးနည်းတူ)

(၅) အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'သည် ထိသိစိတ် 'ကာယဝိညာဏ ဓာတ်'အားလည်းကောင်း၊ (ရှေးနည်းတူ)

(၆) ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ- ဟူသော အာရုံ ၅-ပါး အသီးသီးသည် မနောဓာတ်အား လည်းကောင်း၊ ထိုမနောဓာတ်နှင့်ယှဉ်သည့် စေတသိက်တို့အား လည်းကောင်း၊ ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

[ဤ ခ-အုပ်စုကို 'အာရမ္မဏပုရေဇာတ'ဟု ခေါ်၏]။

* 'ဟဒယဝတ္ထု'ရုပ်ကိုမှီ၍'မနောဓာတ်'နှင့် 'မနောဝိညာဏ ဓာတ်'တို့ ဖြစ်လေရာ၊ ထိုဟဒယဝတ္ထုရုပ်သည် (က) 'မနော ဓာတ်' အား လည်းကောင်း၊ ထိုမနောဓာတ်နှင့် ယှဉ်သည့် စေတသိက်တို့အား လည်းကောင်း၊ ပုရေဇာတပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်။ (ခ) 'မနောဝိညာဏဓာတ်' အား လည်း

ကောင်း၊ ထိုမနောဝိညာဏဓာတ်နှင့်ယှဉ်သည့် စေတသိက်တို့အားလည်းကောင်း၊ 'ပဝတ္တိကာလ' ၌သာ ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၍ 'ပဋိသန္ဓေကာလ' ၌မူ ပုရေဇာတပစ္စယ သတ္တိဖြင့် ကျေးဇူးမပြုချေ။

## အစိပ္ပါယ်ရှင်းလင်းချက်

**ပုရေဇာတသဘော။** ။ပုရေဇာတ ဟူသည် "**ပုရေ**=ပစ္စယုပ္ပန် နာမ်တရားတို့မဖြစ်မီ ရှေးဦးစွာ+ဇာတ=ဖြစ်နှင့်သော ရုပ်တရား" ဟုဆိုလိုသည်၊ ထို့ကြောင့် ပုရေဇာတပစ္စယသတ္တိဟူသည် ဆိုင်ရာ ပစ္စယုပ္ပန်တရားတို့အား မှီရာ (**ဝတ္ထု**)အဖြစ်ဖြင့် ဖြစ်စေ၊ အာရုံ(**အာရမ္မဏ**)အဖြစ်ဖြင့် ဖြစ်စေ ကျေးဇူးပြုဖို့ရာ၊ ထိုပစ္စယုပ္ပန်တရားတို့မဖြစ်မီ ရှေးဦးစွာဖြစ်နှင့်သော "**ဝတ္ထု၊ အာရုံ**" ဟူသော ပစ္စည်းတရားတို့၏သတ္တိကို ဆိုလိုသည်။ "ပစ္စယုပ္ပန်တရားတို့မဖြစ်မီ ရှေးဦးစွာကြိုတင်၍ဖြစ်နှင့်" ဟု ဆိုရာ၌ ရှေးဦးစွာ ကြိုတင်ဖြစ်နှင့်ပြီး ချုပ်ပျောက်သွားသည်ကို မဆိုလို။ ဝတ္ထု, အာရုံ ဟူသော "**ရုပ်တရား**" **ပ**စ္စည်းတို့သည် မိမိတို့ကိုမှီ၍ ဖြစ်ထိုက်သမျှသော စိတ်, စေတသိက် '**နာမ်တရား**' တို့အားလုံးဖြစ်ပြီးသည်အထိမချုပ်ပျောက်သေးပဲ "အတ္ထိသဘောဖြင့်" ထင်ရှား ရှိနေလျက်သာ ထိုပစ္စယုပ္ပန်နာမ်တရားတို့အား ကျေးဇူးပြုသည်ဟူ၍ မှတ်ရာ၏။

ဤပုရေဇာတပစ္စည်း၏ သဘောကို နေလ(၂)ပါး ဥပမာဖြင့် ရှေးဆရာတို့ပြကြကုန်၏။ ကမ္ဘာဦးကစ၍ ပေါ်ထွန်းနှင့်ခဲ့ကြကုန်သော နေလ(၂)ပါးတို့သည် ယခုတိုင်အောင် ထင်ရှားရှိနေလျက်၊ နေလထွက်ပေါ်ပြီးနောက်မှ ပေါ်ပေါက် လာကြသော သတ္တဝါတို့အား အလင်းရောင်ပေး၍ (ခြင်းဖြင့်) ကျေးဇူးပြု

ကြ၏။ ထို့အတူပင် "ဝတ္ထု၊အာရုံ"ဟူသော ပုရေဇာတပစ္စည်း ထိုက်သည့် "ရုပ်တရား"တို့သည် ကျေးဇူးခံအကျိုး=ပစ္စုပ္ပန် တရားတို့မဖြစ်မီ ရှေးဦးစွာဖြစ်နှင့်၍၊ မချုပ်ပျောက်သေးပဲ ထင်ရှားတည်ရှိလျက် မိမိတို့နောက်မှ ဖြစ်ပေါ်ကြသည့် စိတ်, စေတသိက်"နာမ်တရား"တို့အား ကျေးဇူးပြုနိုင်သောသတ္တိသည် ပုရေဇာတ ပစ္စယသတ္တိဖြစ်၏-ဟု မှတ်ရာ၏။

**ပုရေဇာတ ၂-မျိုး။** ။ပုရေဇာတပစ္စည်း ထိုက်သော ရုပ်တရားတို့မှာ ဝတ္ထုရုပ် ၆-ပါးနှင့် အာရုံ ၆-ပါးတို့ ဖြစ်၏။ ထိုတွင် ဝတ္ထုရုပ် ၆-ပါးနှင့် သက်ဆိုင်သော ပုရေဇာတ ပစ္စည်းကို 'ဝတ္ထုပုရေဇာတ' (နိဿယ)ပစ္စည်းဟု ခေါ်၍၊ အာရုံ ၆-ပါးနှင့် သက်ဆိုင်သော ပုရေဇာတ ပစ္စည်းကို 'အာရမ္မဏ ပုရေဇာတ'ပစ္စည်းဟု ခေါ်သည်။

ထိုတွင်—

(၁) **ဝတ္ထုပုရေဇာတ** ပစ္စည်းသည် နိဿယပစ္စည်း၌ ပြဆိုခဲ့သည့် ဝတ္ထုပုရေဇာတနိဿယ ပစ္စည်းနှင့် တူ၏။ ပစ္စည်းသဘော၏ အချုပ်မှာ— "စက္ခု၊ သော၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဟဒယ" ဟူသော ဝတ္ထုရုပ် တရား ၆-ပါးတို့က ဆိုင်ရာ စိတ်, စေတသိက် နာမ်တရားတို့အား ကျေးဇူးပြုခြင်းပင် ဖြစ်၏။

(၂) **အာရမ္မဏ ပုရေဇာတ**-ပစ္စည်း၌ "ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံနှင့် (ရုပ်တရားသာ ပါဝင်သည့်) ဓမ္မာရုံ"ဟူသော အာရုံ၆-ပါးတို့က ဆိုင်ရာ စိတ်, စေတသိက် နာမ်တရားတို့အား ရှေးဦးစွာဖြစ်နှင့်၍ ကျေးဇူးပြုခြင်းဖြစ်သောကြောင့်၊ အာရမ္မဏပစ္စည်းနှင့် ဆင်တူ၏။ သို့သော် အာရမ္မဏ ပစ္စည်းထက် နယ်ကျဉ်း၏။

ရှင်းဦးအံ့–အာရမ္မဏ ပစ္စည်း၌ ပစ္စည်းထိုက်သော တရားတို့မှာ "အလုံးစုံသော ပစ္စုပ္ပန်- အတိတ်- အနာဂတ် ဖြစ်သော စိတ်, စေတသိက်, ရုပ်တရားများနှင့် တကွ၊ နိဗ္ဗာန်, ပညတ် ဟူ၍ ရှိရှိသမျှ တရားအားလုံး "ပါဝင်၏။ ဤ အာရမ္မဏ ပုရေဇာတ ပစ္စည်း၌ ပစ္စည်းထိုက်သော တရားတို့ကား "ပစ္စုပ္ပန် ဖြစ်သော နိပ္ဖန္နရုပ် ၁၈-ပါးတို့သာ" ဖြစ်ကြ၏။ ထိုရုပ် ၁၈-ပါးကို အာရုံအားဖြင့် ဝေဖန် ဖွဲ့လေသော်၊ အာရုံ ၆-ပါး ဖြစ်လာသည်။ ထို ပစ္စုပ္ပန်ရုပ် တရားများသာ ပါဝင်သော ရုပ်တရားတို့က ဆိုင်ရာ စိတ်, စေတသိက် နာမ်တရားတို့အား ရှေးဦးစွာ ဖြစ်နှင့်၍ ကျေးဇူးပြုခြင်းသည် 'အာရမ္မဏပုရေဇာတ' ပစ္စည်းမည်၏။

(ထို့ကြောင့် ✱ အမှတ်ပြထားသည့် နောက်ဆုံးစာပိုက်၌ "ဟဒယ ဝတ္ထုရုပ်ကိုမှီ၍"ဟု ဆိုထားသော်လည်း၊ စင်စစ် "ဓမ္မာရုံ၊ ထိုက်သော ရုပ်တရား"ကိုလည်း ထည့်သွင်းယူသင့်၏။ သို့မှသာ ပုရေဇာတ ပစ္စည်း၌ "ဝတ္ထုရုပ် ၆-ပါး၊ အာရုံ ၆-ပါး" ပါဝင်ကြောင်း ထင်ရှားမည်ဖြစ်၏။)

---

## ၁၁။ ပစ္ဆာဇာတ ပစ္စည်း

### မြန်မာပြန်

ပစ္ဆာဇာတပစ္စည်း ဟူသည်ကား–

နောက်နောက်၌ ဖြစ်သော စိတ်, စေတသိက် 'နာမ်တရား' တို့သည် ရှေးရှေး၌ ဖြစ်သော 'စတုသမုဋ္ဌာနိက'ဟု ခေါ်ဆိုအပ်သော ဤရုပ်အပေါင်းအား နောက်မှဖြစ်မှု 'ပစ္ဆာဇာတ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

## အဓိပ္ပာယ် ရှင်းလင်းချက်

**ပစ္ဆာဇာတသတ္တိ**။ ။'ပစ္ဆာဇာတ'ဟူသည် "**ပစ္ဆာ**=ပစ္စုပ္ပန် ရုပ်တရားတို့၏ နောက်မှ+**ဇာတ**=ဖြစ်သောနာမ်တရား" ဟု ဆိုလိုသည်။ ထို့ကြောင့် ပစ္ဆာဇာတ ပစ္စယသတ္တိ ဟူသည် "နောက်မှ ဖြစ်သော စိတ်, စေတသိက် နာမ်တရားတို့က မိမိတို့ မဖြစ်မီ ဖြစ်နှင့်ကြသော (ဝါ) ရှေးရှေးစိတ်တို့နှင့် အတူတကွ ဖြစ်လာခဲ့ကြသော ခန္ဓာကိုယ်ရှိ ရုပ်တရား အပေါင်းအား ရုပ်သက် ရှည်စေခြင်းငှာ ထောက်ပံ့သမှု ကျေးဇူးပြုပေးသောသတ္တိ" ကို ဆိုလိုသည်။

(သို့ဖြစ်၍ ပစ္ဆာဇာတ ပစ္စည်းသည် ပုရေဇာတပစ္စည်း၏ ပြောင်းပြန် ဆန့်ကျင်ဘက် ပစ္စည်းဖြစ်၏။)

**လင်းတယ်ဥပမာ**။ ။ဤပစ္ဆာဇာတပစ္စည်း၏ "နောက်မှ ဖြစ်၍ ကျေးဇူးပြုပုံ" ကို လင်းတယ် ဥပမာဖြင့် အဋ္ဌကထာ၌ ပြဆိုထား၏—မိဘဖြစ်သူ လင်းတကြီးတို့သည် အစာအာဟာရကို မိမိတို့သာ ရှာဖွေစားသောက်၍ အသိုက်ထဲ၌ ကျန်ရစ်သော လင်းတယ်ကလေးများ အတွက် အစားအစာကို ယူဆောင် သွားလေ့ မရှိကြချေ။ လင်းတယ်ကလေးတို့မှာကား မိဘတို့ ပြန်လာလျှင် မိမိတို့အတွက် အစာ ပါလာနိုးနိုးနှင့် မျှော်ကိုး တောင့်တကြရှာ၏။ ဤသို့ အစားအစာ၌ မျှော်ကိုး တောင့်တ သော ရသတဏှာ၌ တပ်မက်မှု 'အာသာ' စေတ ပါရှိ၏။ ယင်း အာသာစေတ၌ နာမ်တရားကို လုံ့ဆော် တိုက်တွန်းသည့် 'စေတနာ' သည် ထက်မြက်လှ၏။ ထို့ကြောင့် လင်းတယ်တို့ သည် အစာ မစားရ၍ သေရဖွယ်ရှိသော်လည်း၊ ဤသို့ အစား

အစာ၌ တပ်မက်တောင့်တသည့် 'အာသာစေတနာ' ဟူသော မျှော်လင့်တောင့်တချက်က လင်းတယော်တို့၏ ကိုယ်တွင်းရှိ ရုပ်အပေါင်းအား ထောက်ပံ့ထားသည့် အတွက် လင်းတယော်တို့၏ ကိုယ်သည် အတောင်စုံ၍ ကိုယ်တိုင် အစာရှာနိုင်သည့် ကာလတိုင်အောင် တည်တံ့နိုင်လေသည်။

ဤအစာအာဟာရ၌ တောင့်တသည့်'အာသာစေတနာ'ကား အခြားမဟုတ်၊ ပဋ္ဌာဇာတ ပစ္စည်းထိုက်သော စိတ်,စေတသိက်နာမ်တရားတို့ထဲတွင် ပါဝင်သည့် စေတနာ စေတသိက်ပင်တည်း။ ဤလင်းတယော် ဥပမာဖြင့်ပင် ပဋ္ဌာဇာတပစ္စည်း၌ စိတ်,စေတသိက် နာမ်တရားတို့၏ အုံမခန်းမျှ အစွမ်းသတ္တိ ထက်လှပုံမှာ လှန်စွာ ထင်ရှား၏။ ဤသို့လျှင် ပဋ္ဌာဇာတ ပစ္စည်းအရ နောက်နောက်၌ ဖြစ်သော စိတ်,စေတသိက် နာမ်တရားတို့က ရှေးကဖြစ်နှင့်သော (ဝါ) ရှေးရှေးစိတ်နှင့် အတူတကွ ဖြစ်လာခဲ့သော ခန္ဓာကိုယ်ရှိ ရုပ်တရား အပေါင်းအား ရုပ်သန္တာန် အစဉ်အဆက် စည်ပင်၍ ရုပ်သက်ရှည်စေရန် ကြီးမားသော အထောက်အပံ့ဖြင့် ကျေးဇူးပြုနိုင်သော ပဋ္ဌာဇာတ ပစ္စယသတ္တိကို ကောင်းစွာ သတောပေါက် နားလည်ရာ၏။

## ၁၂။ အာသေဝနပစ္စည်း

### မြန်မာပြန်

အာသေဝနပစ္စည်း ဟူသည်ကား—

(၁) ရှေးရှေး၌ဖြစ်သော 'ကုသိုလ်' တရားတို့သည် နောက်နောက်၌ဖြစ်သော ကုသိုလ်တရားတို့အား အဖန်ဖန် ထုံအပ်သည့် အာသေဝန" ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၂) ရှေးရှေး၌ ဖြစ်သော 'အကုသိုလ်' တရားတို့သည် နောက်နောက်၌ ဖြစ်သော 'အကုသိုလ်' တရားတို့အား 'အာသေဝန' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၃) ရှေးရှေး၌ ဖြစ်သော '**ကိရိယာ အဗျာကတ**' တရားတို့သည် နောက်နောက်၌ ဖြစ်သော "ကိရိယာ အဗျာကတ" တရားတို့အား "အာသေဝန" ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

## အဓိပ္ပါယ်ရှင်းလင်းချက်

**အာသေဝနသဘော**။ ။"အာသေဝန"ဟူသည် အဖန်ဖန် ဖြစ်စေခြင်း—ထုံခြင်းဟု အဓိပ္ပါယ်ရှိသဖြင့်၊ တရားတမျိုးတည်း ကိုပင် ထပ်၍ထပ်၍ ဖြစ်စေခြင်းဟု သိသာ၏။ သို့ဖြစ်၍ အာရုံ ၆-ပါး တပါးပါးကြောင့်—ဥပမာ "ရူပါရုံ"ကြောင့် "ဝိထိ" ခေါ် စိတ်အစဉ်ဖြစ်ရာဝယ် ရှေးဦးစွာ "ပဉ္စဒွါရာဝဇ္ဇန်းစိတ်"ဖြစ်၊ နောက်"စက္ခုဝိညာဏ်စိတ်"ဖြစ်၊နောက်"သမ္ပဋိစ္ဆိုင်းစိတ်"ဖြစ်၊ နောက်"သန္တီရဏစိတ်"ဖြစ်၊ နောက်"ဝုဋ္ဌောစိတ်"ဖြစ်။ ဤသို့ အမျိုးမတူသော တရားတို့ တမျိုးပြီးတမျိုး ဖြစ်စေခြင်းသည် "အာသေဝန"မဟုတ်၊ ပြဆိုခဲ့ပြီးသော "အနန္တရ"သဘော သက်သက်သာဖြစ်၏။ ဆိုလိုသည်မှာ ယင်းစိတ်အမျိုးမျိုးသည် တကြိမ်စီသာ ဖြစ်သောကြောင့် "အာသေဝန"သတ္တိ ကင်းမဲ့ သဖြင့် အားမရှိကြပေ။

ထိုနောက်ဖြစ်သော "**ဇောစိတ်**"သည်ကား ဇောစိတ်တမျိုး တည်းပင် ထပ်၍ထပ်၍ အကြိမ်ကြိမ်ဖြစ်၏။ ယင်းသို့ ဇောစိတ် တမျိုးတည်းအား ထပ်၍ထပ်၍ဖြစ်စေခြင်းကို"အာသေဝန"ဟု

ခေါ်၏။ (အနန္တရသတ္တိလည်းပေါ်၏)တနည်းဆိုသော် ဇောစိတ်တခုက မိမိနှင့် အလားတူသော နောက်စိတ်တခု ထပ်၍ထပ်၍ ဖြစ်ပေါ်လာအောင် မိမိ၏ သတ္တိအရှိန်ကိုပေးခဲ့ခြင်း၊ မိမိ၏ သတ္တိကို ထုံမွမ်းထားခဲ့ခြင်းသည်သာ "အာသေဝန" သတ္တိမည်၏။ ထိုသို့ ရှေ့ဇောစိတ်က မိမိ၏ သတ္တိအရှိန်ကို ထုံမွမ်း ပေးခြင်း ကြောင့်၊ နောက်နောက်ဖြစ်ရသော ဇောစိတ်တို့မှာ ဆိုင်ရာကိစ္စ၌ အလေ့အလာရသဖြင့် အားရှိခြင်း အားအစွမ်းကြီးပွားခြင်း အကျိုးရှိလေသည်။

**ဥပမာ ၂-မျိုး။** ။ထို့ကြောင့် ရှေးဆရာတို့က အာသေဝနပစ္စည်း၏ သတ္တိကို "နံ့သာထုံခြင်း၊ ကျမ်းဂန်လေ့လာခြင်း" ဥပမာ ၂-မျိုးဖြင့် ပြကြသည်။ ထိုတွင် (၁)အဝတ်အထည်ကို နံ့သာ အမွှေးအကြိုင်တို့ဖြင့် အထပ်ထပ် တုံမွမ်းပေးရာတွင် ရှေးရှေး နံ့သာထုံမှုသည် နောက်နောက် ထပ်၍ထပ်၍ ထုံမှုအား အနံ့ပို၍ ထွက်အောင်(အားရှိအောင်) ထောက်ပံ့ ကျေးဇူးပြုသည်။ (၂) ကျမ်းဂန်တခုကို သင်ယူရာ၌ သင်ကာစဝယ် ခက်ခဲသော်လည်း အလေ့အလာများ၍ တဖြေးဖြေး အရှိန်ရသည့် အခါ လွယ်ကူသာ၏။ ထိုသို့ဖြစ်ရာ၌ ရှေးရှေး သင်ယူမှုက နောက်နောက်သင်ယူမှုအား လွယ်ကူအောင် (အားရှိအောင်) ထောက်ပံ့ကျေးဇူးပြုခြင်းဖြစ်သည်။ ထို့အတူပင် ဇောစိတ်တို့ အကြိမ်ကြိမ် ထပ်ကာထပ်ကာဖြစ်ရာဝယ် ရှေးရှေးဇောစိတ်သည် မိမိနှင့်အလားတူသော နောက်နောက် ဇောစိတ်အား ပို၍အားကောင်းအောင် ထောက်ပံ့ ကျေးဇူး ပြုနိုင်သော သတ္တိသည် အာသေဝနသတ္တိမည်၏။

**ဇောစိတ် ၃ မျိုး။** ။ဇောစိတ်သည် "ကုသိုလ်ဇောစိတ်၊ အကုသိုလ်ဇောစိတ်၊ ကိရိယာဇောစိတ်" ဟူ၍ ၃-မျိုးရှိ၏။ ထိုတွင်—

(၁) ကုသိုလ်ဇောစိတ်ဟူသည် ကောင်းကျိုးကို ပေးသော စိတ်ဖြစ်၏။

(၂) အကုသိုလ်ဇောစိတ်ဟူသည် မကောင်းကျိုးကို ပေးသော စိတ်ဖြစ်၏။

(၃) ကိရိယာဇော စိတ်သည်ကား ရဟန္တာတို့ သန္တာန်မှာ ဖြစ်သည့် စိတ်ဖြစ်၍ ကောင်းသော စိတ်မျိုး ဖြစ်သော်လည်း အကျိုး လုံးဝ မပေးတော့သည့် စိတ်မျိုးဖြစ်၏။ ကံ ၃-ပါး တပါးပါးကိုပြုရာတွင် ဤဇောစိတ် အဆင့်သို့ ရောက်ရှိမှသာ ထိုကံသည် ဆိုင်ရာအကျိုးကို ပေးစွမ်းနိုင်သည့် ကံအဖြစ်သို့ ရောက်ရှိရလေသည်။

---

## ၁၃။ ကမ္မပစ္စည်း
### မြန်မာပြန်

ကမ္မပစ္စည်း ဟူသည်ကား-

(၁) ကုသိုလ်-အကုသိုလ်ဖြစ်သော နာနက္ခဏိက 'စေတနာ' သည် အကျိုးဝိပါက်ဖြစ်သော နာမ်ခန္ဓာတို့အား လည်းကောင်း၊ (ကံကြောင့်ဖြစ်သော) ကမ္မဇရုပ်တို့အား လည်းကောင်း ချိုးစေ့သဘာဝ 'ကမ္မ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

**(ယင်းကို 'နာနက္ခဏိကကမ္မ' ဟုခေါ်၏။)**

(၂) စိတ် ၈၉-ပါးလုံး၌ ပါရှိသော '**စေတနာ**'သည် ယှဉ်ဘက်ဖြစ်သော စိတ်, စေတသိက် နာမ်တရားတို့အား လည်းကောင်း၊ ထိုစေတနာကြောင့် ဖြစ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

ယင်းကို '**သဟဇာတကမ္မ**'ဟု ခေါ်၏။)

## အဓိပ္ပာယ် ရှင်းလင်းချက်

**စေတနာနှင့်ကံ—**

(၁) '**စေတနာ**' ဟူသည် '**စေ့စော်တိုက်တွန်းခြင်း**'သဘောဖြစ်သည်။ ထိုစေတနာသည် ဖြစ်တိုင်း ဖြစ်တိုင်းသော စိတ် ၈၉-ပါးလုံး၌ အမြဲယှဉ်လျက် ပါရှိ၏။

(၂) '**ကမ္မ=ကံ**'ဟူသည် ပြုလုပ်ခြင်းသဘောတည်း။ ကိုယ်-နှုတ်-စိတ် တခုခုဖြင့် ပြုသည့်အမှု ဟူသမျှသည် 'ကံ'မည်သည်သာတည်း။ ထို့ကြောင့် 'ကာယကံ၊ ဝစီကံ၊ မနောကံ' ဟူ၍ ကံသုံးပါးစကား ဖြစ်ပေါ်လာရသည်။ ထိုကံသုံးပါး တပါးပါးဖြင့် ပြုလုပ်မှုဟူသမျှသည် စေတနာ၏ စေ့ဆော်တိုက်တွန်းမှုပါမှသာ ထိုကံသည် ထမြောက်အောင်မြင်၍ အကျိုးပေးနိုင်သည်။ ထို့ကြောင့် စေတနာသည် 'ကံ' ဟူသော အမည်ကို ရရှိလေသည်၊ တနည်းအားဖြင့် 'စေတနာ' နှင့် 'ကံ' တို့သည် အမည်ပညတ်အားဖြင့် ကွဲသော်လည်း၊ တကာယ် တရားကိုယ် ပရမတ်စင်စစ်အားဖြင့် အတူတူပင် ဖြစ်လေသည်။

**သတ္တဝါနှင့်ကံ**၊ ။သတ္တဝါတို့သည် နေ့စဉ်နှင့်အမျှ ကံသုံးပါး တပါးပါးကို အမြဲမပြတ် လုပ်ကိုင်နေကြကုန်၏။ ထိုသို့ပြုကြရာ

အကုသိုလ်' ကံတမျိုးမျိုး ပါဝင်သည်ချည်းဖြစ်၏၊ ထိုမိမိတို့ ပြုသည့်ကုသိုလ်, အကုသိုလ်ကံ အားလျော်စွာ သတ္တဝါတို့သည် ဤဘဝနောင်ဘဝတို့၌ ချမ်းသာ, ဆင်းရဲကို ခံစားကြရကုန်၏။ ထို့ကြောင့် 'ကံ'သည် သတ္တဝါတို့ကို ဘဝအမျိုးမျိုးဖြစ်အောင် ပြုပြင်ဖန်တည်းပေးသည့် အရှင်သခင်ပင် ဖြစ်သည်။

**ကမ္မပစ္စည်း ၂-မျိုး။** ။ထိုစေတနာ= ကံသည် သတ္တဝါတို့ သန္တာန်၌ ရှိသော စိတ်, စေတသိက် နာမ်တရားတို့ကို လည်း ကောင်း။ ကံစိတ်ကြောင့် ဖြစ်သော "စိတ္တဇ၊ ကမ္မဇ" ဟူသော ရုပ်တရားတို့ကို လည်းကောင်း မိမိအလိုသို့ လိုက်ပါစေ၍ မိမိ အသွင်အတိုင်း ဖြစ်စေလျက်"နာနက္ခဏိကကမ္မသတ္တိ၊ သဟဇာတ ကမ္မသတ္တိ" ဟူသော အစွမ်းသတ္တိ ၂-မျိုးဖြင့် ခြေခြေမြစ်မြစ် ထောက်ပံ့ ကျေးဇူးပြုလေသည်။ ထိုသတ္တိ ၂-မျိုးတွင်—

(၁) **နာနက္ခဏိကကမ္မ**' ပစ္စည်း တရားကား ရှေးရှေး အတိတ်ကပြုခဲ့ဘူးသော ကုသိုလ်, အကုသိုလ် စေတနာစုတည်း။ ထိုစေတနာမျိုးသည် တပါးသောကာလ၌ အကောင်းအဆိုး အကျိုးတရားများကို ဖြစ်စေသောကြောင့် 'နာနက္ခဏိကကမ္မ' မည်၏။ ဤစေတနာ— ကံကို မျိုးစေ့ဥပမာဖြင့် ပြဆိုကြ၏။ အောင်မြင်သော မျိုးစေ့သည် မြေ၊ ရေ စသော အကြောင်း အထောက်အပံ့ကိုရလျှင် ကြီးကျယ်သော သစ်ပင်ကြီးကို ဖြစ် စေနိုင်သကဲ့သို့ ထို့အတူ နာနက္ခဏိက ကမ္မစေတနာသည် "ဂတိ၊ ကာလ၊ ဥပဓိ၊ ပယောဂ"ဟူသော အကြောင်း အထောက်အပံ့ကိုရလျှင် ကြီးကျယ်သော အကျိုးဝိပါက် နာမ် ခန္ဓာနှင့် ကမ္မဇရုပ်များကို ဖြစ်စေလျက်၊ ခန္ဓာအစဉ်ဘဝ တည်း ဟူသော သစ်ပင်ပေါက်အောင် ကျေးဇူး ပြုနိုင်လေသည်။

(၂) **'သဟဇာတကမ္မ'** ပစ္စည်းတရားကား စိတ် ၈၉-ပါးလုံး၌ ပါရှိသော စေတနာဖြစ်သောကြောင့် ပို၍ နယ်ကျယ်၏။ သတ္တဝါတို့ သဏ္ဍာန်၌ ပုဂ္ဂိုလ်အားလျော်စွာ ပဋိသန္ဓေ အခါ၊ ပဝတ္တိအခါတို့၌ စိတ်၊ စေတသိက် နာမ်တရားများနှင့် ရုပ်တရားများ ဖြစ်ကြ၏။ နာမ်တရားကြောင့်ဖြစ်သော ရုပ်များ မှာ စိတ္တဇရုပ်နှင့် ကမ္မဇရုပ်တို့ ဖြစ်ကြ၏။ စိတ္တဇရုပ်ကား ပဝတ္တိအခါမှာသာဖြစ်၍ ကမ္မဇရုပ်ကား 'ပဋိသန္ဓေ ပဝတ္တိ' ကာလ ၂-ပါးလုံး၌ ဖြစ်နိုင်၏။ ဤ သဟဇာတ ကမ္မ စေတနာသည် မိမိနှင့်အတူဖြစ်သော စိတ်၊ စေတသိက် နာမ်တရား အားလုံးကို လည်းကောင်း ပဋိသန္ဓေ အခါ၌ ဖြစ်သောကမ္မဇရုပ်တို့ကို လည်းကောင်း၊ ပဝတ္တိအခါ၌ ဖြစ်သော စိတ္တဇရုပ် တို့ကို လည်းကောင်း "လှုံ့ဆော် တိုက်တွန်းခြင်း၊ ပြုပြင်စီရင်ခြင်း"သဟဇာတပစ္စယသတ္တိဖြင့်ကျေးဇူးပြုလေသည်။

---

## ၁၄။ ဝိပါကပစ္စည်း

### မြန်မာပြန်

ဝိပါကပစ္စည်း ဟူသည်ကား-

အကျိုးဝိပါက်ဖြစ်သော "ပဝတ္တိ၊ပဋိသန္ဓေ" နာမ်ခန္ဓာ ၄-ပါးတို့သည် အချင်းချင်းအား (ထို့ပြင် စိတ္တဇရုပ်နှင့် ပဋိ သန္ဓေ ကမ္မဇရုပ်တို့အား) ငြိမ်းအေးခြင်း အကျိုး 'ဝိပါက' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

## အစိပ္ပာယ်ရှင်းလင်းချက်

**ဝိပါကသဘော။** ။ 'ဝိပါက' သဒ္ဒါသည် မှည့်ခြင်း အနက်ကိုဟော၏။ ယင်းကို 'အကျိုးတရားဟု အဓိပ္ပာယ် ပြန်ဆိုသည်။ အသီးတို့သည် မမှည့်ခင်မှာ မာကြောကြမ်းတမ်း ပြီး၊ မှည့်သည့်အခါ နူးညံ့၍ အိစက်ပျော့ပျောင်း ကြကုန်၏။ ထိုဥပမာ အတိုင်းပင် ကံသုံးပါး၌ ပါဝင်ကြသော 'ကုသိုလ်၊ အကုသိုလ်' အကြောင်းတရားတို့သည် လွန်စွာ ဗျာပါရများ၍ မာကြောကြမ်းတမ်း ကြကုန်၏။ ထိုအကြောင်းကံ မှည့်၍ အကျိုးသဘော ဖြစ်လာသော 'ဝိပါက်' တရားတို့မူကား ဗျာပါရ မများပဲ အေးဆေးငြိမ်သက်၍ နူးညံ့ ညက်ညော ပျော့ပျောင်းလှကုန်၏။

ထိုအကျိုး 'ဝိပါက်' စိတ်၊ စေတသိက်ဟူသော နာမ်ခန္ဓာ ၄-ပါးတရားတို့သည် မိမိကိုယ်တိုင်လည်း၊ အေးဆေးငြိမ်သက်၍ အတူဖြစ်ဘက် တရား အချင်းချင်း အားလည်း ငြိမ်သက်စွာ ဖြစ်နေစေရန် ကျေးဇူး ပြုကြ၏။ ထို့ပြင် မိမိတို့ကြောင့် ဖြစ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်း ထို့အတူ ငြိမ်သက်စွာ ဖြစ်နေစေရန် စီမံသမှု ကျေးဇူး ပြုပေးကြသည်။ ဥပမာအားဖြင့် အေးဆေးငြိမ်သက်စွာ နေတတ်သော လူ တယောက်သည် မိမိ၏ အပေါင်းအဖော်တို့အား ဗျာပါရ မများပဲ၊ အေးဆေး ငြိမ်သက်စွာနေရန် စီမံသမှု ကျေးဇူးပြု သကဲ့သို့တည်း။

## ၁၅။ အာဟာရပစ္စည်း

မြန်မာပြန်

အာဟာရပစ္စည်း ဟူသည်ကား–

အစာအာဟာရ၌ ပါရှိသော 'ဩဇာ' ဓာတ်သည် ဤရုပ်ရူပကာယအား ထောက်ပံ့ခိုင်စေခြင်း 'အာဟာရ' ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်။

[ယင်းကို 'ရုပ်အာဟာရ' ဟုခေါ်၏။]

(၂) "ဖဿ၊ စေတနာ၊ ဝိညာဏ်" ဟူသော နာမ်အာဟာရ သုံးပါးတို့သည် ယှဉ်ဘက်ဖြစ်သော စိတ်, စေတသိက် နာမ်တရား တို့အားလည်းကောင်း။ ထိုအာဟာရသုံးပါးကြောင့် ဖြစ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း။ 'အာဟာရ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

[ယင်းကို 'နာမ်အာဟာရ' ဟုခေါ်၏။]

### အဓိပ္ပာယ်ရှင်းလင်းချက်

**အာဟာရသဘော။** ။'အာဟာရ' သဒ္ဒါသည် 'လွန်စွာ ဆောင်းခြင်း' အနက်ကို ဟော၏။ 'လွန်စွာဆောင်ခြင်း' ဟူသည် အာဟာရပစ္စည်းတရားတို့က မိမိ၏အကျိုး ပစ္စယုပ္ပန်တရားတို့ကို အရှည်စွာ ဆက်လက်တည်တံ့အောင် ထောက်ပံ့ခြင်းသဘော ပင်ဖြစ်၏။ ထို့ကြောင့် အာဟာရပစ္စည်းကို အိမ်ဟောင်းကို ထောက်ကန်ပေးထားသည့် 'ကျားတိုင်' နှင့်တူ၏ ဟု ဥပမာပြကြ ၏ ထိုကျားတိုင်သည် အိမ်ဟောင်းကို မယိမ်းမယိုင် မြဲခိုင်အောင် ထောက်ပံ့ကျေးဇူးပြုသကဲ့သို့၊ ဤအာဟာရပစ္စည်းတရားတို့သည်၊

မိမိ၏အကျိုး ပစ္စယုပ္ပန်တရားတို့အား အစွန့်ရှည်စွာ ဆက်လက်တည်တံ့အောင် ကျေးဇူးပြုပေးကြသည်။

**ပစ္စည်း ၂-မျိုး။** ။အာဟာရပစ္စည်းသည် ရုပ်အာဟာရနှင့် နာမ်အာဟာရ-ဟု ၂-မျိုးရှိ၏။ ထိုတွင်—

(၁) အစာအာဟာရ စသော ရုပ်တရားတို့၌ ပါရှိသည့် 'ဩဇာ'ခေါ်က သတ္တဝါတို့၏ ခန္ဓာအစဉ်၌ ဖြစ်သမျှသော ရုပ်အပေါင်းအား အစွန့်ရှည်စွာတည်တံ့ခိုင်မြဲအောင် ကျေးဇူးပြုပေးနိုင်ခြင်းသည်'ရုပ်အာဟာရ'၏ သတ္တိမည်၏။

(၂) ထိုရုပ်အာဟာရနည်းတူပင် သတ္တဝါတို့ သန္တာန်၌ရှိသော "ဖဿ၊ စေတနာ၊ ဝိညာဏ်" ဟူသော '**နာမ်အာဟာရ**' တရား ၃-ပါးတို့ကလည်း မိမိတို့နှင့် ယှဉ်တွဲဖြစ်ဘက် စိတ်,စေတသိက်ဟူသောနာမ်တရားတို့အားလည်းကောင်း၊ မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်ဟူသောရုပ်တရားတို့အားလည်းကောင်း။ ဆက်လက်တည်တံ့နေအောင် ထောက်ပံ့သမှု ကျေးဇူးပြုပေးကြသည်။

(ဗြဟ္မာမင်းတို့ **အစာစားခြင်းမရှိပဲ ကမ္ဘာပေါင်းများစွာအသက်ရှင်နေနိုင်သည်ကို ထောက်လျှင် နာမ်အာဟာရ၏သတ္တိ အလွန်ထက်မြက်ကြောင်း ထင်ရှား၏။**)

ဤရုပ်အာဟာရနှင့် နာမ်အာဟာရ တရား ၂-ပါးတို့က ထောက်ပံ့ကျေးဇူးပြုမှုကြောင့် သတ္တဝါတို့သန္တာန်ရှိ ရုပ်,နာမ်တရားတို့သည် အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်။

## ၁၆။ ဣန္ဒြိယ ပစ္စည်း၊
### မြန်မာပြန်

ဣန္ဒြိယပစ္စည်း ဟူသည်ကား–

**က-အုပ်စု**။

(၁) မျက်စိအကြည် '**စက္ခုပသာဒ**' ဝတ္ထုရုပ်သည် မြင်သိစိတ် '**စက္ခုဝိညာဏဓာတ်**' အားလည်းကောင်း။ ထိုစိတ်နှင့် ယှဉ်သည့် စေတသိက် တရားတို့အား လည်းကောင်း အစိုးရခြင်း 'ဣန္ဒြိယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၂) နားအကြည် '**သောတပသာဒ**' ဝတ္ထုရုပ်သည် ကြားသိစိတ် '**သောတဝိညာဏဓာတ်**' အားလည်းကောင်း။ (ရှေးနည်းတူ)

(၃) နှာခေါင်းအကြည် '**ဃာနပသာဒ**' ဝတ္ထုရုပ်သည် နံသိစိတ် '**ဃာနဝိညာဏဓာတ်**' အား လည်းကောင်း (ရှေးနည်းတူ)

(၄) လျှာအကြည် '**ဇိဝှါပသာဒ**' ဝတ္ထုရုပ်သည် လျက်သိစိတ် '**ဇိဝှါဝိညာဏဓာတ်**' အား လည်းကောင်း။ (ရှေးနည်းတူ)

(၅ ကိုယ်အကြည် '**ကာယပသာဒ**' ဝတ္ထုရုပ်ဘည် ထိသိစိတ် '**ကာယဝိညာဏဓာတ်**' အားလည်းကောင်း။ (ရှေးနည်းတူ)

(ယင်းတို့ကို '**ဝတ္ထုပုရေဇာတိန္ဒြိယ**' ဟု ခေါ်၏။)

**ခ-အုပ်စု**။ * 'ရုပ်ဇီဝိတိန္ဒြေ' သည် 'ကဋတ္တာရုပ်-ခေါ်' ကမ္မဇရုပ်တို့အား 'ဣန္ဒြိယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ [ယင်းကို '**ရူပဇီဝိတိန္ဒြိယ**' ပစ္စည်းမျိုးဟု ခေါ်၏။]

၈-အုပ်စု။ * "စိတ်၊ ဇီဝိတ၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ" ဟူသော နာမ်ဣန္ဒြေတရား ၈-ပါး တို့သည် ယှဉ်ဘက် စေတသိက်တရားတို့အား လည်းကောင်း၊ ထိုဣန္ဒြေတို့ကြောင့် ဖြစ်သော စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ် တို့အားလည်းကောင်း 'ဣန္ဒြိယ'ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(ယင်းကို 'သဟဇာတိန္ဒြိယ'ဟု ခေါ်၏။)

## အဓိပ္ပာယ် ရှင်းလင်းချက်

**ဣန္ဒြိယသဘော။** ။'ဣန္ဒြိယ' ဟူသည် 'အစိုးရခြင်း' ကို ဆိုလိုသည်။ ဤ၌'အစိုးရခြင်း' ဟူသည် မိမိ၏ယှဉ်ဘက် သမ္ပယုတ် တရားများ၌သာ အစိုးရသည်ကို ဆိုလိုသည်။ ဥပမာအားဖြင့်— 'စက္ခုန္ဒြေ' ခေါ် စက္ခုပသာဒ ရုပ်သည် မြင်ခြင်း ကိစ္စ၌သာ အစိုးရ၏။ စက္ခုပသာဒရုပ်က ကြည်လင် လ, စက္ခုဝိညာဏ်က အမြင်သန်လေ ဖြစ်၏။ စက္ခုပသာဒ ရုပ်က ညှိုးဖျင်းနေလျှင် မြင်ခြင်း ကိစ္စလည်း အားသေးလေတော့၏။ ဤသို့လျှင် မိမိ ဆိုင်ရာကိစ္စ၌ မိမိအလိုအတိုင်း ဖြစ်ရလေအောင် ပိုင်နင်းစိုးအုပ် လွှမ်းမိုးနိုင်သော သတ္တိသည် ဣန္ဒြိယပစ္စယသတ္တိ မည်၏။

ဤ စက္ခုပသာဒသည် မြင်ခြင်းဟူသော မိမိကိစ္စ၌သာ အစိုး ရနိုင် အုပ်စိုးနိုင်ပြီး၊ 'ကြားခြင်း' စသော သူတပါးကိစ္စများ၌ မအုပ်စိုးနိုင်ချေ။ ထို့ကြောင့် ဣန္ဒြိယပစ္စည်းကို မိမိတို့ဆိုင်ရာ ကိစ္စများ၌ အာဏာရှိ၍ အစိုးရသော အမတ်ကြီး၊ ဝန်ကြီး များနှင့် ဥပမာပြုကြသည်။

(သို့ဖြစ်၍ ဣန္ဒြိယပစ္စည်းသည် ၊ စကြဝတေး ကေရာဇ်မင်းနှင့်တူသည့် **အဓိပတိ ပစ္စည်းထက် အစိုးရမှု နယ်ပယ်အားဖြင့် ကျဉ်းမြောင်းသည်။**)

**ပစ္စည်း ၃-မျိုး။** ဣန္ဒြိယပစ္စည်းသည် ၃-မျိုးရှိ၏။ ထိုတွင်—

(၁) **'ဝတ္ထုပုရေဇာတိန္ဒြိယ'**သည် ဝတ္ထုပုရေဇာတ ပစ္စည်း မျိုး၌ ပြခဲ့သည့်အတိုင်း 'စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ'' ဟူသော ဝတ္ထုရုပ် ၅-ပါး အသီးသီးက မိမိဆိုင်ရာ ဝိညာဏ်စိတ် ၅-ပါး အသီးသီးနှင့် ယှဉ်ဘက် စေတသိက်တို့အား ကျေးဇူးပြု သော ပစ္စည်းမျိုး ဖြစ်၏။

(၂) **'ရူပဇီဝိတိန္ဒြိယ'**= ရူပဇီဝိတိန္ဒြိယခေါ် ရုပ်ဇီဝိတိန္ဒြေ ဟူသည် သတ္တဝါတို့ ခန္ဓာ၌ရှိသော 'ရုပ်သက်'ဟု ခေါ်သည့် ဇီဝိတရုပ်ပင် ဖြစ်၏။ ထို ဇီဝိတရုပ်သည် မိမိနှင့် ရုပ်ကလာပ် တခုတည်း၌ အတူဖြစ်ကြသည့် ကမ္မဇရုပ်တွေကို သေမသွား အောင် အသက်ရှည်လျက် တည်တံ့နေရန် စောင့်ရှောက်၏။ အသက်၏ကိစ္စဖြင့် ကျေးဇူးပြု၏။ ဤသို့ ကမ္မဇရုပ်တွေကို စောင့်ရှောက်ပေးခြင်းသည် ရူပဇီဝိတိန္ဒြိယပစ္စည်း မည်၏။

(၃) **'သဟဇာတိန္ဒြိယ'**=သတ္တဝါတို့သန္တာန်၌ ရုပ်ဇီဝိတခေါ် ရုပ်အသက်ရှိသလို၊ နာမ်ဇီဝိတခေါ် နာမ်အသက်လည်းရှိသေး၏။ ထိုနာမ်အသက် ဟူသည် စိတ်နှင့်တကွ 'ဇီဝိတ'စသော ယှဉ်ဘက် စေတသိက် ၇-ပါး။ ပေါင်း ၈-ပါးသော နာမ်ဣန္ဒြေတရားတို့ ပေတည်း။ ဤတရား ၈-ပါးတို့က မိမိတို့နှင့် ယှဉ်တွဲဖြစ်ဘက် နာမ်တရားများနှင့် မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့အား အခွန့်ရှည်စွာ အသက်ရှင် တည်နေနိုင်အောင် စောင့်ရှောက်သမှု ကျေးဇူးပြုပေးခြင်းသည် 'သဟဇာတိန္ဒြိယ' ပစ္စည်းမည်၏။

# ၁၇။ ဈာနပစ္စည်း

## မြန်မာပြန်

ဈာနပစ္စည်း ဟူသည်ကား—

"ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ" ဟူသော ဈာန်အင်္ဂါ ၅-ပါးတို့သည် ဈာန်နှင့်ယှဉ်သည့် စိတ်,စေတသိက် နာမ်တရားတို့အား လည်းကောင်း၊ ထိုဈာန်ကြောင့် ဖြစ်သော စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့အား လည်းကောင်း 'ကပ်၍ ရှုတတ်မှု 'ဈာန' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

## အဓိပ္ပာယ်ရှင်းလင်းချက်

**ဈာနသဘော။** ။'ဈာန=ဈာန်' ဟူသည် အာရုံတခု၌ စူးစူးစိုက်စိုက် အထူးမြဲမြံစွာ ထက်သန်သော စိတ်ဖြင့် ကပ်၍ ရှုနေမှုကို ဆိုလိုသည်။ ဥပမာအားဖြင့်—မုဆိုးသည် ချုံအတွင်း၌ တည်နေ၍ မြားဖြင့် သားကောင်ကို တည့်တည့်ချိန်ထားသကဲ့သို့ လည်းကောင်း၊ ဗျိုင်းသည် ရေအိုင် ကမ်းစပ်က တည်နေ၍ ငြိမ်သက်စွာ ငါးကို ချောင်းနေဘိသကဲ့သို့ လည်းကောင်း၊ ထို့အတူ အာရုံနှင့် တည့်မတ်စူးစိုက်အောင် ချိန်ရွယ်၍ ပဲ့ပြင်ခြင်း ကိစ္စသည် ဈာနကိစ္စ မည်၏။

ကောင်းသောအမှု, မကောင်းသောအမှု(ကုသိုလ်-အကုသိုလ် အမှု) တို့၌ စိတ်၏ ဖြောင့်မတ် စူးစိုက်ခြင်း 'ဈာနကိစ္စ' ဖြင့် ကျေးဇူးပြုသော တရားစုသည် ဈာနပစ္စည်းတရား မည်၏။ 'ဝိတက်' စသည့် ဈာန်အင်္ဂါတရား ၅-ပါးတို့ဖြင့် စိတ်ကို ဖြောင့်မတ် တည်ငြိမ်နေအောင်ထား၍ အာရုံကို ထင်းနေအောင် စူးစိုက်စွာ ရှုလျက် 'ကောင်း - မကောင်းသော' ကံသုံးပါး

တပါးပါးကို ပြုသည်ရှိသော် ထိုအမှုကံသည် မတိမ်းမစောင်း တည့်တည့်မတ်မတ် ပြီးစီးနိုင်လေသည်။ ထိုကဲ့သို့ အာရုံတခု အပေါ်၌ ကပ်နေသလို ဖြစ်အောင် ငြိမ်သက် တည်ကြည်စွာဖြင့် (ဈာန်မျက်စိဖြင့်) အာရုံကို စူးစူးစိုက်စိုက် ရှုနိုင်သော သတ္တိသည် ဈာနပစ္စည်း၏ သတ္တိမည်၏။

ထို 'ဝိတက်' စသော ဈာန်အင်္ဂါတရား ၅-ပါးတို့သည် အာရုံကို မိမိတို့ကိုယ်တိုင်လည်း စူးစိုက်စွာယူ၏(ရှု၏)။ မိမိတို့နှင့် အတူဖြစ်ဘက် စိတ်၊ စေတသိက် နာမ်တရားများနှင့် မိမိတို့ ကြောင့် ဖြစ်ပေါ်ကြသော စိတ္တဇ, ပဋိသန္ဓေ ကမ္မဇရုပ်တရား များကိုလည်း မိမိတို့ကဲ့သို့ အာရုံကို စူးစိုက်ရှုနေစေရန် ကျေးဇူး ပြုကြသည်။

ဥပမာအားဖြင့်–သစ်ပင်ထိပ်၊ တောင်ထိပ်ပေါ် တက်သူသည် အရပ်ဒေသမျက်နှာရှိ ထိုထိုဤဤ အရာဝတ္ထုများကို ကိုယ်တိုင် လည်း ကြည့်ရှု မြင်ရလျက်၊ မိမိမြင်သမျှကို အောက်မှာရှိသည့် လူတို့အားလည်း ပြောပြသကဲ့သို့တည်း။

## ၁၈။ မဂ္ဂပစ္စည်း

### မြန်မာပြန်

မဂ္ဂပစ္စည်း ဟူသည်ကား–

"ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ 'မိစ္ဆာဒိဋ္ဌိ' ဟူသော မဂ္ဂင်တရား ၉-ပါး တို့သည် ထိုမဂ္ဂင်နှင့် ယှဉ်သည့် စိတ်၊ စေတသိက် နာမ်တရား

တို့အား လည်းကောင်း၊ ထိုမဂ္ဂင်ကြောင့်ဖြစ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အား လည်းကောင်း ပို့ဆောင်ပေးမှု 'မဂ္ဂ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

## အဓိပ္ပာယ် ရှင်းလင်းချက်

**မဂ္ဂသဘော**။ ။'မဂ္ဂ=မဂ်'ဟူသည် လမ်းခရီးပင် ဖြစ်၏။ ဤလမ်းခရီးနှင့်တူသည့် 'ပညာ'စသည့် လမ်းခရီး(ဝါ) လမ်းစဉ်ကို မဂ္ဂ=မဂ်ဟုခေါ်သည်။ ပကတိလမ်း ခရီးသည် ကောင်း မကောင်းသော အရပ်များသို့ ရောက်စေတတ်သကဲ့သို့ ထို့အတူ 'ပညာ' (သမ္မာဒိဋ္ဌိ) စသော သမ္မာမဂ္ဂင်တရားတို့က သတ္တဝါတို့အား ဒုဂ္ဂတိဘဝမှ သုဂတိဘဝသို့လည်းကောင်း၊ ညစ်နွမ်းသော စိတ်အဖြစ်မှ ဖြူစင်သော စိတ်အဖြစ်သို့ လည်းကောင်း ရောက်စေ၍ 'မိစ္ဆာဒိဋ္ဌိ' စသော မိစ္ဆာမဂ္ဂင်တရားတို့က သုဂတိဘဝမှ ဒုဂ္ဂတိဘဝသို့ လည်းကောင်း၊ ဖြူစင်သော စိတ်အဖြစ်မှ ညစ်နွမ်းသော စိတ်အဖြစ်သို့ လည်းကောင်း ရောက်စေနိုင်၏။ ဤသို့ကောင်း (မှန်)သည်ဖြစ်စေ၊ ဆိုး(မှား)သည်ဖြစ်စေ ထိုထိုဘဝ, ထိုထိုစိတ်မျိုး အဖြစ်သို့ ရောက်စေနိုင်၊ ပို့ဆောင်ပေးနိုင်သော သတ္တိသည် မဂ္ဂပစ္စည်းမည်၏။

ထိုကဲ့သို့ မဂ္ဂခေါ် လမ်းခရီး(ဝါ) လမ်းစဉ်၌ ပါဝင်သော တရားများကို မဂ္ဂင်တရားများဟုခေါ်၏။ ထိုမဂ္ဂင်တရားတို့သည် အချုပ်အားဖြင့် ၉-ပါးရှိ၏။ အကျယ်အားဖြင့်ကား ၁၂-ပါး ရှိ၏။ ရှင်းဦးအံ့-

(၁) **'သမ္မာမဂ္ဂင်'**ခေါ် ကောင်းသော မှန်သော ဖြောင့်သော မဂ္ဂင်တရားတို့သည် "သမ္မာဒိဋ္ဌိ (ပညာ) သမ္မာ

ဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ (ဝီရိယ) သမ္မာသတိ၊ သမ္မာသမာဓိ (ဧကဂ္ဂတာ) ဟူ၍ ၈-ပါးရှိ၏။

(၂) 'မိစ္ဆာမဂ္ဂင်'ခေါ် မကောင်းသော မှားသော၊ ကောက်သော မဂ္ဂင်တရားတို့ကား "မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ (ဝိတက်)၊ မိစ္ဆာဝါယာမ (ဝီရိယ)၊ မိစ္ဆာသမာဓိ (ဧကဂ္ဂတာ)" ဟူ၍ ၄-ပါးရှိ၏။ ထို ၁၂-ပါးတွင် "ဝိတက်၊ ဝီရိယ၊ ဧကဂ္ဂတာ" ၃ ခုက ၂-ခါပါနေ၍ မတူရာနှုတ် တူရာပေါင်းလျှင် ၉-ပါးဖြစ်၏။

ထိုသမ္မာမဂ္ဂင်၊ မိစ္ဆာမဂ္ဂင် ၂-မျိုးတွင် သမ္မာမဂ္ဂင်တရားတို့ဖြင့် ကုသိုလ်မှုများကို ပြုလျှင် သုဂတိဘဝသို့ ရောက်စေပြီး မိစ္ဆာမဂ္ဂင်တရားတို့ဖြင့် အကုသိုလ်မှုများကို ပြုလျှင် ဒုဂ္ဂတိဘဝသို့ရောက်စေတတ်ကုန်၏။ ဤသို့ မဂ္ဂင်တရားတို့က ကောင်းမကောင်းသော ဘုံဘဝများသို့ သတ္တဝါတို့ကို ရောက်စေနိုင်ပို့ဆောင်ပေးနိုင်ကြသဖြင့် "ထိုထိုအရပ်များသို့ ပို့ဆောင်ပေးသည့် လှေသင်္ဘောများနှင့် တူ၏" ဟူ၍လည်း ရှေးဆရာတို့က ဥပမာပေးကြကုန်၏။

---

## ၁၉။ သမ္ပယုတ္တပစ္စည်း

### မြန်မာပြန်

သမ္ပယုတ္တပစ္စည်း ဟူသည်ကား

"ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ" ဟူသောနာမ်ခန္ဓာ ၄-ပါးတို့သည် (စိတ်, စေတသိက် နာမ်တရားအားလုံးသည်) အချင်းချင်းအား ယှဉ်တွဲခြင်း 'သမ္ပယုတ္တ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

## အဓိပ္ပာယ်ရှင်းလင်းချက်

သမ္ပယုတ္တသဘော။ ။"သမ္ပယုတ္တ=သမ္ပယုတ်" ဟူသည် "အညီအမျှ သမရှ် တစုတပေါင်းတည်း ယှဉ်တွဲရောနှောခြင်း" ကို ဆိုလိုသည်။ စိတ်, စေတသိက် ဟူသော နာမ်ခန္ဓာ ၄-ပါး တို့သည် တခုနှင့်တခု ခွဲခြား၍မရနိုင်အောင် ညီမျှသမရှ် တစု တပေါင်းတည်း ရောနှောလျက် ဖြစ်ကြကုန်၏။ ဤသို့သော 'သမ္ပယုတ္တ' သဘောကို အချို့ ၄-မျိုးဖြင့် ပြုစီရင်ထားသည့် 'စတုမဓု' ဖြင့် ဥပမာပြုကြ၏။ စတုမဓု၌ "ဤအရသာကား ထောပတ်အရသာတည်း၊ ဤအရသာကား ပျားရည်အရသာ တည်း" စသည်ဖြင့် ခွဲခြား၍ မသိနိုင်အောင် သမနေသကဲ့သို့ ထို့အတူ နာမ်ခန္ဓာ ၄-ပါးတို့ အတူတကွ ယှဉ်တွဲ၍ ဖြစ်သည့် အခါ "ဤသဘောကား ဝိညာဏက္ခန္ဓာ၊ ဤသဘောကား ဝေဒနာက္ခန္ဓာ" စသည်ဖြင့် ခွဲခြား၍ မသိနိုင်အောင် သမနေကြ ကုန်၏။ ထို့ကြောင့် နာမ်ခန္ဓာ ၄-ပါးတို့ တပေါင်းတည်းသမရှ် ယှဉ်တွဲဖြစ်ကြရာတွင် အချင်းချင်းမဆန့်ကျင်ပဲ၊ တပါး၏သဘော ကို အခြားတပါးက လိုက်လျော၍ ကျေးဇူးပြုနိုင်သော သတ္တိ သည် 'သမ္ပယုတ္တ' ပစ္စည်း၏ သတ္တိပေတည်း။

---

## ၂၀။ ဝိပ္ပယုတ္တပစ္စည်း၊

### မြန်မာပြန်

ဝိပ္ပယုတ္တပစ္စည်း ဟူသည်ကား—

(၁) ဝတ္ထုရုပ် ၆-ပါး ရုပ်သဘောတို့သည် [illegible] ဖြစ်သော နာမ်တရားတို့အား မယှဉ်ခြင်း 'ဝိပ္ပယုတ္တ' ပစ္စယသတ္တိ ဖြင့် ကျေးဇူးပြုသည်။

(၂) 'ပဉ္စဝေါကာရဘုံ၌' စိတ်, စေတသိက် နာမ်တရားတို့သည် အတူတကွဖြစ်ကြသည့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် တို့အား 'ဝိပ္ပယုတ္တ'ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

## အဓိပ္ပာယ် ရှင်းလင်းချက်

**ဝိပ္ပယုတ္တသဘော။** ။'ဝိပ္ပယုတ္တ=ဝိပ္ပယုတ်'ဟူသည် "အတူတကွဖြစ်ကြ၊ တွေ့ဆုံကြလျက်လည်း အချင်းချင်း မနှီးမနှော မရောနှောခြင်း" သဘောတည်း။ ဤပစ္စည်းသည် 'သမ္ပယုတ္တပစ္စည်း'၏ ဆန့်ကျင်ဘက်ဖြစ်၍ "အညီအမျှသမ၍ ရောနှောခြင်းမျိုးမဟုတ်"သည့် သဘောဖြစ်၏။ ထို့ကြောင့် ဝိပ္ပယုတ္တပစ္စည်း၌ နာမ်တရားနှင့် ရုပ်တရားတို့သည် အတူတကွ ဖြစ်ကြသော်လည်း တခုနှင့်တခု သမနေအောင်, တသားတည်းဖြစ်နေအောင် မရောနှောပဲ 'သူ့သဘောသူဆောင်၊ ကိုယ့်သဘောကိုယ်ဆောင်'အနေဖြင့်သာ ဆက်ဆံကြလျက် ကျေးဇူးပြုတတ်သော ပစ္စည်းသည် ဝိပ္ပယုတ္တပစ္စည်းမည်၏။

ဤဝိပ္ပယုတ္တပစ္စည်း၏သဘောကို အရသာ ၆-ပါး ရောစပ်ထားပုံနှင့် ဥပမာပြကြ၏။ "အချဉ်၊အငံ၊အစပ်၊အခါး၊အချို၊အဖန်" ဟူသော အရသာ ၆-ပါးတို့ ရောစပ်ရာ၌ ယင်းတို့သည် ပင်ကိုယ်သဘာဝချင်း မတူရကား၊ ရောပင် ရောသော်လည်း ကိုယ့်သဘော ကိုယ်ဆောင်ကာ အရသာတခုနှင့်တခုမနှီးနှောကြသဖြင့် အညီအမျှသမ၍ မဖြစ်နိုင်သကဲ့သို့၊ ထို့အတူပင်ဝိပ္ပယုတ္တပစ္စည်း၌ ပစ္စည်း,ပစ္စယုပ္ပန် ရုပ်နှင့်နာမ်တို့သည် ရောနှောတွေ့ဆုံကြသော်လည်း သဘာဝချင်းမတူ၍ တပါး၏သဘောကိုအခြားတပါးက မလိုက်ရောသဖြင့်အညီအမျှသမ၍ဖြစ်ကြသည်မဟုတ်။

နာမ်တရားက ရုပ်တရားကို ကျေးဇူးပြုရာ၌ လည်းကောင်း၊ ရုပ်တရားက နာမ်တရားကို ကျေးဇူးပြုရာ၌ လည်းကောင်း မိမိတို့၏ သဘာဝကိုမစွန့်ပဲ အတူတကွ ဖြစ်ကြလျက် ကျေးဇူးပြုခြင်းသည် ဝိပ္ပယုတ္တပစ္စည်း မည်၏။

**ပစ္စည်း ၃-မျိုး။** ။ဤဝိပ္ပယုတ္တ ပစ္စည်းသည် "ဝတ္ထုပုရေဇာတ၊ ပစ္ဆာဇာတ၊ သဟဇာတ" ဟူသော ပစ္စည်း ၃-ပါးနှင့် ဆက်ဆံမှုရှိ၍ ပစ္စည်း ၃-မျိုးကွဲပြား၏။ ထိုတွင်—

(၁) စက္ခုဝတ္ထု ရုပ်စသော ဝတ္ထုရုပ် ၆-ပါးတို့က စက္ခုဝိညာဏ်စသော ဝိညာဏ် ၆-ပါးတို့အား ကျေးဇူးပြုခြင်းသည် '**ဝတ္ထုပုရေဇာတဝိပ္ပယုတ်**'မည်၏။

(၂) နောက်နောက်၌ဖြစ်သော စိတ်,စေတသိက်နာမ်တရားတို့က ရှေးရှေး၌ဖြစ်သော ရုပ်တရားတို့အား ကျေးဇူးပြုခြင်းသည်'**ပစ္ဆာဇာတဝိပ္ပယုတ်**'မည်၏။

(၃) 'ပဉ္စဝေါကာရဘုံ၌' ပဋိသန္ဓေ နာမ်ခန္ဓာ ၄-ပါးနှင့် ဟဒယဝတ္ထုတို့ အချင်းချင်းကျေးဇူးပြုခြင်း၊ နာမ်ခန္ဓာ ၄-ပါးတို့က မိမိတို့နှင့်အတူတကွ ဖြစ်သည့် စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်တို့အား ကျေးဇူးပြုခြင်းသည်'**သဟဇာတဝိပ္ပယုတ်**'မည်၏။

---

## ၂၂။ ၂၃။ နတ္ထိပစ္စည်း၊ ဝိဂတပစ္စည်း

မြန်မာပြန်

နတ္ထိပစ္စည်း။ ဝိဂတပစ္စည်း ဟူသည်ကား—

✱ ရှေးရှေး၌ ချုပ်လေပြီးကုန်သော (နတ္ထိအတွက်) ကင်းပျောက်ကုန်သော(ဝိဂတအတွက်) စိတ်,စေတသိက် နာမ်တရား

တို့သည် နောက်နောက်၌ တဖန်ဆက်၍ဖြစ်ကုန်သော စိတ်,စေတသိက်တရားတို့အား မရှိခြင်း'နတ္ထိ'ပစ္စယသတ္တိ၊ ကင်းချုပ်ခြင်း 'ဝိဂတ'ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

## အဓိပ္ပါယ်ရှင်းလင်းချက်

နတ္ထိယသော။ ။'နတ္ထိ'ဟူသည် 'ချုပ်ငြိမ်း၍ ထင်ရှားမရှိခြင်း' သဘောတည်း။ ငြိမ်းသွားလေပြီးသော ဆီမီးသည်(ဝါ) ဆီမီးငြိမ်းသွားခြင်းသည် အမှောင်ဖြစ်ရန် အခွင့်ပေး၍ကျေးဇူးပြုသကဲ့သို့ ထို့အတူ ရှေးရှေး၌ဖြစ်သော စိတ်,စေတသိက် နာမ်တရားတို့သည် မိမိတို့ချုပ်ပျောက်ပြီး၍ ထင်ရှား မရှိတော့ခြင်းဖြင့် နောက်နောက်၌ဖြစ်သော စိတ်,စေတသိက် နာမ်တရားတို့အား ဆက်လက်ဖြစ်ရစ်စေရန် အခွင့်ပေး၍ ကျေးဇူးပြုခြင်းသည် နတ္ထိပစ္စည်းမည်၏။

**ဝိဂတသဘော။** ။'ဝိဂတ' ဟူသည်လည်း 'ချုပ်ငြိမ်း၍ ကင်းပျောက်သွားခြင်း' သဘောပင်တည်း။ ကင်းပျောက်သွားသောနေရောင်သည်(ဝါ) နေရောင်၏ ကင်းပျောက်သွားခြင်းသည် လရောင်ဖြစ်ဖို့ရာ အခွင့်ပေး၍ ကျေးဇူးပြုသကဲ့သို့၊ ထို့အတူပင် ရှေးရှေး၌ဖြစ်သော စိတ်,စေတသိက်နာမ်တရားတို့သည် မိမိတို့ချုပ်ငြိမ်းပြီး၍ ကင်းပျောက်သွားခြင်းဖြင့်နောက်နောက်၌ ဖြစ်သော စိတ်,စေတသိက် နာမ်တရားတို့အား ဆက်လက်ဖြစ်ရစ်စေရန် အခွင့်ပေး၍ ကျေးဇူးပြုခြင်းသည် 'ဝိဂတ' ပစ္စည်းမည်၏။

သချုပ်အားဖြင့် ရှေးနာမ်တရားတို့က မိမိတို့ ချုပ်ပျောက်သွားခြင်းဖြင့် နောက်နောက် နာမ်တရားတို့အား ဆက်လက်

ဖြစ်စေသည့်သတ္တိသည်“နတ္ထိ၊ဝိဂတ”ပစ္စည်းတို့၏သတ္တိပေတည်း။ ဤ“နတ္ထိ၊ဝိဂတ”ပစ္စည်း ၂-မျိုးသည် ပြဆိုခဲ့ပြီးသော“အနန္တရ၊ သမနန္တရ” ပစ္စည်း ၂-မျိုးနှင့် ပစ္စည်း, ပစ္စယုပ္ပန် ကျေးဇူးပြုပုံ သဘောအားဖြင့် လုံးဝတူလေသည်။

---

## ၂၁။ ၂၄။ အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်း
### မြန်မာပြန်

အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်း ဟူသည်ကား—

**က-အုပ်စု။**

(၁) နာမ်ခန္ဓာ၄-ပါးတို့သည် အချင်းချင်း အတ္ထိ (အဝိဂတ) ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၂) မဟာဘုတ်ရုပ်ကြီး ၄-ပါးတို့သည် အချင်းချင်း အတ္ထိ (အဝိဂတ)ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်၊

(၃) 'ပဋိသန္ဓေက္ခဏ'ပဋိသန္ဓေခဏ၌ ပဋိသန္ဓေ နာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်တို့သည် အချင်းချင်း အတ္ထိ (အဝိဂတ) ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်။

(၄) စိတ်,စေတသိက် ဟူသော နာမ်ခန္ဓာ ၄-ပါးတို့သည် စိတ်ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်,ပဋိသန္ဓေ ကမ္မဇရုပ်တို့အား အတ္ထိ (အဝိဂတ) ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်။

(၅) မဟာဘုတ်ရုပ်ကြီး ၄-ပါးတို့သည် (မိမိတို့ကို မှီ၍ ဖြစ်သော) အမှန်းတင် 'ဥပါဒါ' ရုပ်တို့အား အတ္ထိ (အဝိဂတ) ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

[ယင်းတို့သည် 'သဟဇာတ' ပစ္စည်းမျိုး ဖြစ်၏။]

ခ-အုပ်စု။

(၁) မျက်စိအကြည် **'စက္ခုပသာဒ'** ဝတ္ထုရုပ်သည် မြင်သိစိတ် **'စက္ခုဝိညာဏဓာတ်'**အား လည်းကောင်း၊ ထိုစိတ်နှင့် ယှဉ်သည့် စေတသိက်တို့အား လည်းကောင်း အတ္ထိ (အဝိဂတ) ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၂) နားအကြည် **'သောတပသာဒ'** ဝတ္ထုရုပ်သည် ကြားသိစိတ် **'သောတဝိညာဏဓာတ်'**အားလည်းကောင်း။ (ရှေးနည်းတူ)

(၃) နှာခေါင်းအကြည် **'ဃာနပသာဒ'** ဝတ္ထုရုပ်သည် နံသိစိတ် **'ဃာနဝိညာဏဓာတ်'**အား လည်းကောင်း။ (ရှေးနည်းတူ)

(၄) လျှာအကြည် **'ဇိဝှါပသာဒ'** ဝတ္ထုရုပ်သည် လျက်သိစိတ် **'ဇိဝှါဝိညာဏဓာတ်'**အား လည်းကောင်း။ (ရှေးနည်းတူ)

(၅) ကိုယ်အကြည် **'ကာယပသာဒ'** ဝတ္ထုရုပ်သည် ထိသိစိတ် **'ကာယဝိညာဏဓာတ်'**အား လည်းကောင်း၊ (ရှေးနည်းတူ)

ဂ-အုပ်စု။

(၁) အဆင်း **'ရူပါရုံ'**သည် မြင်သိစိတ် **'စက္ခုဝိညာဏဓာတ်'** အား လည်းကောင်း၊

ထိုစိတ်နှင့်ယှဉ်သည့် စေတသိက်တို့အားလည်းကောင်း၊ အတ္ထိ (အဝိဂတ) ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်။

(၂) အသံ **'သဒ္ဒါရုံ'**သည် ကြားသိစိတ် **'သောတဝိညာဏဓာတ်'**အား လည်းကောင်း၊ (ရှေးနည်းတူ)

(၃) အနံ့ **'ဂန္ဓာရုံ'**သည် နံသိစိတ် **'ဃာနဝိညာဏဓာတ်'** အား လည်းကောင်း၊ (ရှေးနည်းတူ)

(၄) အရသာ **'ရသာရုံ'** သည် လျက်သိစိတ် **'ဇိဝှါဝိညာဏဓာတ်'**အား လည်းကောင်း၊ (ရှေးနည်းတူ)

(၅) အတ္တေ 'ဖောဋ္ဌဗ္ဗာရုံ'သည် ထိသိစိတ် 'ကာယဝိညာဏ ဓာတ်'အား လည်းကောင်း၊ (ရှေးနည်းတူ)

(၆) "ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ" ဟူသော အာရုံ ၅-ပါး အသီးသီးသည် မနောဓာတ်အား လည်းကောင်း၊ ထိုမနောဓာတ်နှင့် ယှဉ်သည့် စေတသိက်တို့အား လည်းကောင်း အတ္ထိ (အဝိဂတ) ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုသည်။

(၇) 'ဟဒယဝတ္ထု'ရုပ်သည် မိမိကိုမှီ၍ ဖြစ်သော မနော ဓာတ်အား လည်းကောင်း၊ မနောဝိညာဏဓာတ်အား လည်း ကောင်း၊ ထိုမနောဓာတ်, မနောဝိညာဏဓာတ်နှင့် ယှဉ်သည့် စေတသိက်တို့အား လည်းကောင်း အတ္ထိ (အဝိဂတ) ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်။

[ယင်း "ခ၊ ဂ"အုပ်စုတို့သည် "ပုရေဇာတ"ပစ္စည်းမျိုး ဖြစ်၏။]

## အဓိပ္ပာယ် ရှင်းလင်းချက်

**အတ္ထိသဘော။** ။"အတ္ထိ" ဟူသည် "ထင်ရှားရှိခြင်း" သဘောတည်း (နတ္ထိနှင့် ဆန့်ကျင်ဘက်)။ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်းသည် အတ္ထိပစ္စည်း မည်၏။ မြေကြီး၊ မြင်းမိုရ် တောင်တို့သည် မိမိတို့ ထင်ရှား ရှိခိုက်တွင် မိမိတို့အပေါ်၌ ပေါက်ရောက်ကုန်သော သစ်ပင်တို့အား စိမ်းစိုရှင်လန်းအောင် ထောက်ပံ့သမှု ကျေးဇူးပြုသကဲ့သို့၊ ထို့အတူ ဤအတ္ထိပစ္စည်း တပ်သော တရားတို့သည် မိမိတို့ ထင်ရှားရှိခိုက်မှာ မိမိတို့ကဲ့သို့ ထင်ရှားရှိနေသော ပစ္စယုပ္ပန် တရားတို့အား ထောက်ပံ့သမှု ကျေးဇူးပြုကြသည်။

**အဝိဂတသဘော**။ ။'အဝိဂတ' ဟူသည် "မကင်းပျောက်သေး၊ မချုပ်သေးခြင်း" သဘောဖြစ်၏။ (ဝိဂတနှင့် ဆန့်ကျင်ဘက်) ယင်းသည် 'ထင်ရှားရှိခြင်း' သဘောနှင့် အတူတူပင်ဖြစ်သောကြောင့်၊ 'အဝိဂတ' ပစ္စည်းသည် အတ္ထိပစ္စည်းနှင့် အတူတူပင် ဖြစ်၏။ ထို့ကြောင့် 'အတ္ထိ' သဘောအရ-ပစ္စည်း, ပစ္စယုပ္ပန်တရား ၂-ပါးလုံး ထင်ရှားရှိခိုက်မှာ ကျေးဇူးပြု၍၊ 'အဝိဂတ' သဘောအရလည်း ပစ္စည်း, ပစ္စယုပ္ပန်တရား ၂-ပါးလုံး မချုပ်ပျောက်သေး အခိုက်မှာ (=ထင်ရှားရှိခိုက်မှာပင်) ကျေးဇူးပြုလေသည်။ ဥပမာပေးရာ၌လည်း— မဟာသမုဒ္ဒရာသည် မိမိ၌ တည်နေကြသော ငါး,လိပ် စသည်တို့အား မိမိ မကင်းပျောက်, မခမ်းခြောက် သေးသမျှ (အခိုက်မှာ) အေးမြစွာ တည်ခနိုင်အောင် ကျေးဇူးပြုသကဲ့သို့၊ ထို့အတူ ဤ 'အဝိဂတ' ပစ္စည်းတပ်သော တရားတို့သည်လည်း မိမိတို့ မကင်းမချုပ် မပျောက်သေးအခိုက်မှာ မိမိတို့ကဲ့သို့ပင် ဖြစ်သော ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုကြသည်။

**အရာကျယ်သည့်ပစ္စည်း**။ ။အတ္ထိ (အဝိဂတ) ပစ္စည်းသည် အရာကျယ်သော ပစ္စည်း ဖြစ်၏။ ယင်းသည် "သဟဇာတ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ (ရုပ်)အာဟာရ၊ (ရုပ်ဇီဝိတ) ဣန္ဒြိယ" ဟူသော ပစ္စည်း ၅-မျိုးနှင့် ဆက်စပ်လျက် ရှိသည် ထို့ကြောင့် 'အတ္ထိ' (အဝိဂတ) ပစ္စည်းသည် တသီးတခြား၊ သီးခြားကွဲပြားသည့် ပစ္စည်းမဟုတ် ထိုပစ္စည်း ၅-မျိုးထဲကပင်၊ ပစ္စည်း ,ပစ္စယုပ္ပန်တရားများ အနေဖြင့် ထင်ရှား ရှိခိုက်မှာ ကျေးဇူးပြုနိုင်သော တရားများကို စုပေါင်း၍ပြသော ပစ္စည်းကြီးပေတည်း။ တနည်းဆိုသော်— ထို ပစ္စည်း ၅-မျိုးထဲပါ

တရားတို့သည် အတ္ထိ (အဝိဂတ) သဘောအရ ထင်ရှားရှိနေခိုက်မှာ ကျေးဇူးပြုနိုင်သော တရားများ ဖြစ်၏–ဟူ၍လည်း ဆိုနိုင်ပေသည်။

**ဆက်ဦးအံ့**–အတ္ထိ (အဝိဂတ) ပစ္စည်း၏ ပါဠိစာသားကို ကြည့်လျှင် "က-အုပ်စုသည် သဟဇာတတမျိုး၊ 'ခ' နှင့် 'ဂ' အုပ်စုသည် (ဝတ္ထု၊ အာရမ္မဏ) ပုရေဇာတ ပစ္စည်းမျိုး ဖြစ်ကြောင်း တွေ့ရှိရသဖြင့်၊ အတ္ထိ (အဝိဂတ) ပစ္စည်းသည် ထိုသဟဇာတ၊ ပုရေဇာတ ပစ္စည်း ၂-မျိုးနှင့်သာ ဆက်နွယ်သည်-ဟု ယူဆရ၏။ "ပစ္ဆာဇာတ၊ ရုပ်အာဟာရ၊ ရူပဇီဝိတိန္ဒြိယ" ပစ္စည်း ၃-မျိုးနှင့် ဆက်စပ်ကြောင်း မထင်ရှားချေ။

**'ပစ္ဆာဇာတ'** ပစ္စည်းအရ–နောက်နာမ် တရားက ရှေ့ရုပ်တရားအား ကျေးဇူးပြုခြင်း။

**'ရုပ်အာဟာရ'** အရ ဩဇာရုပ်က ဆိုင်ရာရုပ် တရားတို့အား ကျေးဇူးပြုခြင်း။

**"ရူပဇီဝိတိန္ဒြိယ"** အရ–ဇီဝိတရုပ်က ဆိုင်ရာရုပ်တရားတို့အား ကျေးဇူးပြုခြင်းတို့၌ အတ္ထိ (အဝိဂတ) သဘောအရ ထင်ရှားရှိနေခိုက်မှာသာ ကျေးဇူးပြုနိုင်သည် ဖြစ်သောကြောင့်။ ထိုပစ္စည်း ၃-မျိုးတို့သည် ဤ 'အတ္ထိ' (အဝိဂတ) ပစ္စည်းနှင့် ဆက်သွယ်လျက် ရှိသည်-ဟု မှတ်ယူရာ၏။

(ဤပစ္စည်း ၅-မျိုး ဟူသည်လည်း ခေါင်းတပ်၍ ဆိုထားသည့် ပစ္စည်းများ ဖြစ်၏။ အလားတူသော အခြားပစ္စည်း တချို့သည်း အတ္ထိ (အဝိဂတ) သဘော ပါရှိသည်သာ ဖြစ်၏။)

(ဤတွင် ပစ္စယနိဒ္ဒေသ မြန်မာပြန် အဓိပ္ပာယ်ပြီး၏။)

## စိတ်၊ စေတသိက်၊ ရုပ်အကြောင်း မှတ်ဖွယ်

ပဋ္ဌာန်း ၂၄-ပစ္စည်း၏ အခြေခံသဘောကို လေ့လာရာတွင် အထောက်အကူ ဖြစ်စေရန် ''စိတ်၊စေတသိက်၊ရုပ်'' တရားများ အကြောင်း သိမှတ်ဖွယ်ကို နောက်ဆက်တွဲ အဖြစ် ထည့်သွင်း ဖော်ပြအပ်ပါသည်။

### စိတ် ၈၉ ပါး

ပရမတ္ထတရားတို့တွင် အဓိက ပဓာနကျသော တရားကား စိတ်ဖြစ်၏။ ထိုစိတ်သည် အာရုံကို သိခြင်းသဘောရှိ၏။ ထိုစိတ် သည် ''ဘုံ၊ပုဂ္ဂိုလ်၊အမျိုးအစား''အလိုက် ကွဲပြား၍ ၈၉-ပါး (စိတ်ရှစ်ဆယ့်ကိုးဆယ်)ရှိ၏။ ထိုစိတ်များကို''အကုသိုလ်စိတ် ၁၂။ အဟိတ်စိတ်-၁၈။ ကာမာဝစရ 'သောဘန' စိတ်-၂၄။ ရူပါဝစရစိတ်-၁၅။ အရူပါဝစရစိတ်-၁၂။လောကုတ္တရာစိတ်- ၈''ဟူ၍ '၆-မျိုး'ခွဲခြားနိုင်သည်။ ထိုတွင်—

(၁) **''အကုသိုလ်စိတ် ၁၂-ပါး''**ကို ၃-မျိုးခွဲခြားထား၏။ ယင်းတို့ကား လောဘကြောင့်ဖြစ်သော လောဘ-မူစိတ် ၈-ပါး။ ဒေါသကြောင့်ဖြစ်သော ဒေါသမူစိတ် ၂-ပါး။ မောဟကြောင့် ဖြစ်သော မောဟမူစိတ် ၂-ပါးဟူ၍ ဖြစ်၏။

( ) **''အဟိတ်စိတ် ၁၈-ပါး''** ဟိတ် ၆-ပါး တပါးမပါး ကြောင့်မျှ မဖြစ်သော စိတ်ကို အဟိတ်စိတ်ဟု ခေါ်၏ အဟိတ်စိတ် ၁၈-ပါး ရှိရာ ယင်းကို ၃-မျိုး ခွဲခြား၏၊ ''အဟိတ်အကုသလဝိပါက်စိတ် ၇-ပါး၊ အဟိတ်ကုသလ ဝိပါက်စိတ် ၈-ပါး။ အဟိတ် ကိရိယာစိတ် ၃-ပါး'' ဟူ၍

ဖြစ်၏။ တဖန်-အဟိတ်ဝိပါက်စိတ် ၂-မျိုးအသီးသီးတွင် "စက္ခုဝိညာဏ်စိတ်၊ သောတဝိညာဏ်စိတ်, ဃာနဝိညာဏ်စိတ်, ဇိဝှါဝိညာဏ်စိတ်,ကာယဝိညာဏ်စိတ်"တပါးစီပါသဖြင့် ဤစိတ်၅-စုံ (ပဥ္စဝိညာဏ်)မှာ စိတ် ၁၀-ပါးရှိ၏။

ထိုပြင်—အဟိတ်စိတ်များထဲတွင် ပါရှိသော "ပဥ္စဒွါရာဝဇ္ဇန်းစိတ်-၁နှင့် သမ္ပဋိစ္ဆိုင်းစိတ်-၂" ဤ ၃-ပါးကို **'မနောဓာတ် ၃-ပါး'**ဟု ခေါ်၏။ (ထိုစိတ် ၁၃-ပါးမှ တပါးကြွင်းသော စိတ်ပေါင်း ၇၆-ပါးကို **'မနောဝိညာဏဓာတ်'** (ဝါ)မနောဝိညာဏ်စိတ်ဟုခေါ်၏။ အကုသိုလ်စိတ်-၁၂။ အဟိတ်စိတ်-၁၈။ ပေါင်း စိတ် ၃၀-ကို **'အသောဘန'**မတင့်တယ်သောစိတ်များဟုခေါ်ပြီး၊ ကြွင်းသောစိတ်ပေါင်း ၅၉-ပါးကို **'သောဘန'**=တင့်တယ်သော စိတ်များဟုခေါ်သည်။)

(၃) **"ကာမာဝစရ'သောဘန'စိတ် ၂၄-ပါး"**ကို ၃-မျိုး ခွဲခြားသား၏။ "မဟာကုသိုလ်စိတ် ၈-ပါး။ မဟာဝိပါက်စိတ် ၈-ပါး၊မဟာကိရိယာစိတ် ၈-ပါး"ဟူ၍ဖြစ်၏။ (ဤအကုသိုလ်စိတ်၊ အဟိတ်စိတ်၊ ကာမာဝစရသောဘနစိတ် ၃-မျိုးတွင်ပါဝင်စိတ်ပေါင်း ၅၄-ပါးကို **'ကာမာဝစရစိတ်'** ဟုပေါင်းခေါ်လေ့ရှိ၏။ ကာမာဝစရစိတ်ဟူသည် ကာမ ၁၁-ဘုံ၌ အဖြစ်များသော စိတ်ဟုဆိုလိုသည်။)

(၄) **"ရူပါဝစရစိတ် ၁၅-ပါး"**ကို ၃-မျိုး ခွဲခြားထား၏- "ကုသိုလ်စိတ် ၅-ပါး။ ဝိပါက်စိတ် ၅-ပါး။ ကိရိယာစိတ် ၅-ပါး"ဟူ၍ ဖြစ်၏။ ယင်း ၃-မျိုးပါ စိတ် ၅-ပါးအသီးသီးသည် "ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဥ္စမဈာန်"ဟူ၍ ဈာန် ၅-ပါးကို အစွဲပြုပြီး ဖြစ်လာသောစိတ်

များတည်း။ (ရူပဗြဟ္မာဘုံ ၁၅-ဘုံ၌ **အဖြစ်များသောစိတ်များ** ဖြစ်၍ 'ရူပါဝစရစိတ်'ဟု ခေါ်သည်။)

(၇) "အရူပါဝစရစိတ် ၁၂-ပါး"ကို ၃-မျိုး ခွဲခြားထား၏- "ကုသိုလ်စိတ် ၄-ပါး။ ဝိပါက်စိတ် ၄-ပါး။ ကိရိယာစိတ် ၄-ပါး"ဟူ၍ ဖြစ်၏။ ထိုစိတ် ၁၂-ပါးသည် 'ပဥ္စမဈာန်'စိတ်များချည်း ဖြစ်သည်။ (အရူပဗြဟ္မာ ဘုံ ၄-ဘုံ၌ အဖြစ်များသော စိတ်များဖြစ်၍ 'အရူပါဝစရစိတ်'ဟုခေါ်သည်။)

ရူပါဝစရစိတ် ၁၅-ပါး။ အရူပါဝစရစိတ် ၁၂-ပါး။ ပေါင်း ၂၇-ပါးသည် ကာမာဝစရစိတ် ၅၄-ပါးထက် မြင့်မြတ်သည့် စိတ်များဖြစ်၍ **'မဟဂ္ဂုတ်စိတ်'**ဟု ခေါ်၏။ တဖန်-ကာမာဝစရစိတ် ၅၄-ပါး။ မဟဂ္ဂုတ်စိတ် ၂၇-ပါး။ ပေါင်း ၈၁-ပါးသည် ၃၁-ဘုံ အတွင်း၌ (ဝါ) ကာမ, ရူပ, အရူပ-ဟူသော သုံးလောက အတွင်း၌ ဖြစ်ကြသည့် စိတ်များဖြစ်၍ **'လောကီစိတ်'**များဟု ပေါင်း၍ ခေါ်လေ့ရှိ၏။

(၆) "**လောကုတ္တရာစိတ် ၈-ပါး**"ကို ၂-မျိုး ခွဲခြားထား၏။ "မဂ်စိတ် ၄-ပါး။ ဖိုလ်စိတ် ၄-ပါး"ဟူ၍ ဖြစ်၏။ ယင်းစိတ်၈-ပါးကို "သောတာပတ္တိ မဂ်ဖိုလ်စိတ်-၂။ သကဒါဂါမိမဂ်, ဖိုလ်စိတ်-၂။ အနာဂါမိမဂ်, ဖိုလ်စိတ်-၂။ အရဟတ္တမဂ်, ဖိုလ်-၂" ဟူ၍လည်း ၄-စုံ=၈-ပါးအားဖြင့် ခေါ်ဝေါ်နိုင်သည်။ (ဤစိတ် ၈-ပါးသည် လောကသုံးပါးမှ ထွက်မြောက်ကြောင်းဖြစ်၍ (ဝါ) လောကီစိတ်များထက် သာလွန်မြင့်မြတ်သည့် စိတ်များဖြစ်၍ 'လောကုတ္တရာစိတ်'ဟုခေါ်သည်။)

**စေတသိက် ၅၂-ပါး**

စိတ်ကိုမှီ၍ဖြစ်သော တရားများ (ဝါ) စိတ်၏ ဂုဏ်သတ္တိ

ဖြစ်သော တရားများကို 'စေတသိက်'ဟု ခေါ်၏။ စေတသိက် မည်သည် စိတ်ဖြစ်တိုင်း စိတ်နှင့်အတူတကွ တပြိုင်နက် ဖြစ်လေ့ ရှိသည်။ စိတ်နှင့် စေတသိက်တို့သည် ''သစ်ပင်နှင့်အရိပ်။ မီးနှင့် အပူ''ကဲ့သို့ မကွေမကွာ အမြဲယှဉ်တွဲ၍ ဖြစ်ကြသည်။ ထို စိတ်, စေတသိက် တရားများသည် အထည်ဒြပ် ထင်ရှားမရှိ၍ '**နာမ် တရား**'များဟု ခေါ်၏။

စေတသိက်သည် ၅၂-ပါးရှိရာ ယင်းတို့ကို ၄-မျိုး ၄-စား ခွဲခြားထား၏။ ထိုတွင်— (၁) စိတ် ၈၉-ပါးလုံး၌ အမြဲယှဉ် ဖြစ်သော 'သဗ္ဗစိတ္တသာဓာရဏ' စေတသိက် ၇-ပါး၊ (၂) စိတ် ၈၉-ပါးထဲတွင် စိတ်အများစု၌ ရောပြွမ်း ယှဉ်၍ ဖြစ်သော 'ပကိဏ်း' စေတသိက် ၆-ပါး။ (၃) အကုသိုလ်စိတ် ၁၂-ပါး၌သာ ထိုက်သလို ယှဉ်ဖြစ်သော 'အကုသိုလ်' စေတသိက် ၁၄-ပါး၊ (၄) သောဘနစိတ် ၅၉-ပါး၌သာ ထိုက်သလို ယှဉ်ဖြစ်သော 'သောဘန'စေတသိက် ၂၅-ပါး။ ဤသို့အားဖြင့် ၄-မျိုး။ ၅၂-ပါး ရှိလေသည်။

**ရုပ် ၂၈-ပါး**

အထည်ဒြပ်အားဖြင့် ထင်ရှားရှိသော အရာဝတ္ထုများ၌ ဖွဲ့စည်းပါဝင်သော တရားများကို ရုပ်တရားဟု ခေါ်၏၊ ရုပ် တရားသည် ၂၈-ပါးရှိ၏။ ယင်းကို မဟာဘုတ်ရုပ်ကြီး ၄-ပါး နှင့် ဥပါဒါရုပ် ၂၄-ပါး၊''ဟူ၍ အဓိကအားဖြင့် ၂-မျိုး ခွဲခြား ထား၏။ ထိုတွင်-ရုပ်ဝတ္ထုဖွဲ့စည်းမှုများ ဖြစ်ပေါ်ရာ၌ အရင်းခံ ရုပ်ဓာတ်ကြီး ၄-ပါးကို မဟာဘုတ်ဟုခေါ်၏။ ထိုမဟာဘုတ် ရုပ်ကြီး ၄-ပါးကို အမှီပြု၍သာ ဖြစ်ကြရသော အမွန်းတင် ရုပ်များ ၂၄-ပါးကို 'ဥပါဒါ' ရုပ်ဟု ခေါ်၏။

ဥပါဒါရုပ် ၂၄-ပါးကို ၉-မျိုး ခွဲခြားထား၏။ ယင်းတို့ကား—(၁) 'စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ' ဟူသော ပသာဒဝတ္ထုရုပ် ၅-ပါး။ (၂) 'ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ' ဟူသော ဂေါစရ-ခေါ် အာရုံ ရုပ် ၅-ပါး။ (၃) 'ဣတ္ထိဘာဝ, ပုမ္ဘာဝ' ဟူသော အထီး,အမ 'ဘာဝ' ရုပ် ၂-ပါး၊ (၄) ဇီဝိတရုပ် ၁-ပါး (၅) ဟဒယဝတ္ထုရုပ် ၁-ပါး။ (၆) အာဟာရရုပ် ၁-ပါး။ (၇) အာကာသခေါ်ခေါ် ပရိစ္ဆေဒရုပ် ၁-ပါး။ (၈) လဟုတာ, မုဒုတာ, ကမ္မညတာ, ကာယဝိညတ်, ဝစီဝိညတ် ဟူသော ဝိကာရရုပ် ၅-ပါး၊ (၉) "ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာ" ဟူသော လက္ခဏာရုပ် ၄-ပါး။ ဤသို့အားဖြင့် ဥပါဒါရုပ်သည် ၉-မျိုး။ ၂၄-ပါး ရှိလေသည်။

တဖန် မဟာဘုတ်ရုပ်ကြီး ၄-ပါးနှင့် '၁'မှ '၆' အထိသော ဥပါဒါရုပ် ၁၄-ပါး၊ ပေါင်းရုပ် ၁၈-ပါးကို 'နိပ္ဖန္န' ရုပ်ဟုခေါ်၍၊ ကြွင်းသောရုပ် ၁၀-ပါးကို 'အနိပ္ဖန္နရုပ်'ဟု ခေါ်၏။ 'နိပ္ဖန္နရုပ်'ဟူသည် အကြောင်းတရားတို့က ဖြစ်ပွားစေအပ်သော ရုပ်များ-ဟု ဆိုလိုသည်။ 'အနိပ္ဖန္နရုပ်' သဘောကား 'နိပ္ဖန္နရုပ်'၏ ဆန့်ကျင်ဘက် ဖြစ်၏။

## ရုပ်ကလာပ်များ

ကြိုးတချောင်းဖြင့် ဖွဲ့ချည် ထားအပ်သော ဆံပင်စည်း၊ မြက်စည်းကဲ့သို့၊ တခုသော ဇာတိရုပ် (အဝိကာရုပ်)ဖြင့် ဖွဲ့စည်းထားအပ်သော ရုပ်တရားတို့၏ အပေါင်းအစုကို ရုပ်ကလာပ်ဟုခေါ်၏။ ထို ရုပ်ကလာပ်၌ "မဟာဘုတ်ရုပ်ကြီး ၄-ပါး။ ရူပ, သဒ္ဒ, ဂန္ဓ, ရသ,အာဟာရ"ဟူသော ရုပ် ၄-ပါး။ ပေါင်း

ရုပ် ၈-ပါးသည် ရုပ်ကလာပ်အားလုံး မကွေကွာ အမြဲပါ ရှိသော ရုပ်များဖြစ်၍ 'အဝိနိဗ္ဘောဂရုပ်'များဟု လည်းကောင်း ရုပ်ကလာပ်အားလုံး၏ အရင်းခံရုပ်များ ဖြစ်၍ 'မူလ ကလာပ်' ရုပ်များဟု လည်းကောင်း ခေါ်သည်။

**ရုပ်ကလာပ် ၄-မျိုး။** ။ရုပ်တရားတို့မည်သည် "ကံ၊ စိတ်၊ ဥတု၊ အာဟာရ"ဟူသော အကြောင်းတရား ၄-ပါး ကြောင့် ဖြစ်ကြရသည်။ ထိုတွင်— (၁) ကံကြောင့် ဖြစ်သော ရုပ်များကို **'ကမ္မဇရုပ်'**ဟု ခေါ်၏။ ကမ္မဇရုပ်မှာ ၁၈-ပါးရှိ၏၊ ထိုရုပ် ၁၈-ပါးတို့ဖြင့် ထိုက်သလို ဖွဲ့စည်းထားအပ်သော ရုပ် ကလာပ်များကို **'ကမ္မဇကလာပ်'**ဟု ခေါ်၏။ ယင်းကမ္မဇ ရုပ်ကလာပ်မှာ ၉-စည်းရှိ၏။ (၂) စိတ်ကြောင့် ဖြစ်သော ရုပ်များကို **'စိတ္တဇရုပ်'**ဟု ခေါ်၏။ စိတ္တဇရုပ်မှာ ၁၅-ပါးရှိ၏၊ ထိုရုပ် ၁၅-ပါးဖြင့် ထိုက်သလို ဖွဲ့စည်းထားအပ်သော 'စိတ္တဇ **ကလာပ်'**မှာ ၈-စည်းရှိ၏။ (၃) ဥတုကြောင့် ဖြစ်သော ရုပ်များကို **'ဥတုဇရုပ်'**ဟု ခေါ်၏။ ဥတုဇရုပ်မှာ ၁၃-ပါးရှိ၏။ ထိုရုပ် ၁၃-ပါးဖြင့် ထိုက်သလို ဖွဲ့စည်းထားအပ်သော 'ဥတုဇ ကလာပ်'မှာ ၄-စည်း ရှိ၏။ (၄) အာဟာရကြောင့် ဖြစ်သော ရုပ်များကို **'အာဟာရဇရုပ်'**ဟု ခေါ်၏။ အာဟာဇ ရုပ်မှာ ၁၂-ပါးရှိ၏။ ထိုရုပ် ၁၂-ပါးဖြင့် ထိုက်သလို ဖွဲ့စည်း ထားအပ်သော **'အာဟာရဇကလာပ်'**မှာ ၂-စည်းရှိ၏။

ဤသို့လျှင် ရုပ်ကလာပ် ၄-မျိုးမှာ ပါဝင်သည့် ကလာပ် စည်းပေါင်းမှာ ၂၃-စည်း ရှိ၏။ ရုပ်ကလာပ်များထဲ၌ ပါဝင် သည့် ရုပ်ပေါင်းမှာ ၂၄-ပါးသာ ရှိ၏။ လက္ခဏာရုပ် ၄-ပါးသည် ရုပ်ကလာပ်များ၏ သဘောလက္ခဏာမျှကိုသာ ပြသည့် ရုပ်များ

ဖြစ်၍ ရုပ်ကလာပ်များထဲမှာ မပါဝင်ချေ။ တဖန်-ကမ္မဇရုပ်မှာ ၁၅+စိတ္တဇရုပ်မှာ ၁၇+ဥတုဇရုပ်မှာ ၁၃+အာဟာရဇရုပ်မှာ ၁၂။ ပေါင်း ရုပ် '၅၈' ပါး ရှိ၏။ ထိုတွင်—(၁) မူလကလာပ် ရုပ် ၈-ပါးနှင့် အာကာသဓာတ် ၁။ ပေါင်း ရုပ် ၉-ပါးသည် ရုပ်ကလာပ် ၄-မျိုးတိုင်းမှာ ပါ၏။ ထို့ကြောင့် ၅၈—၂၇= '၃၁' ကျန်။ (၂) လဟုတာ စသည့် ဝိကာရရုပ် ၃-ပါးသည် 'စိတ္တဇ၊ ဥတုဇ၊ အာဟာရဇ' ကလာပ် ၃-မျိုး၌ ပါဝင်၍ ၃၁—၆= '၂၅' ကျန်။ (၃) သဒ္ဒရုပ်သည် 'စိတ္တဇ၊ ဥတုဇ' ကလာပ် ၂-မျိုး၌ ပါဝင်၍ ၂၅—၁= '၂၄' သာ ကျန်တော့၏။ သို့ဖြစ်၍ ရုပ်ကလာပ်များထဲ၌ ပါဝင်သည့် ရုပ်မှာ ၂၄-ပါး ရှိ၏-ဟု ဆိုခြင်း ဖြစ်၏။ (ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်းတရား ၄ ပါးကြောင့် ဖြစ်သော ရုပ်များကို 'စတုသမုဋ္ဌာနိက ရုပ်များ'ဟု ပေါင်းခေါ်လေ့ ရှိ၏။)

**ပဋိသန္ဓေ၊ ပဝတ္တိ။** ။သတ္တဝါတဦး ပဋိသန္ဓေ စနေသည့် အခိုက်မှာ ပဋိသန္ဓေ စိတ်ဖြစ်၏။ ထိုခဏလေးကို 'ပဋိသန္ဓေအခါ'ဟု ခေါ်၏။ ထိုမှစ၍ စုတေသည့်အထိ ကာလတခုလုံးကို 'ပဝတ္တိအခါ'ဟု ခေါ်၏။ ထိုတွင်— ကမ္မဇရုပ်သည် ပဋိသန္ဓေစိတ်ဖြစ်သည့် ခဏမှ စ၍ ထိုသတ္တဝါ စုတေသည့်အထိ တည်ရှိသောကြောင့်၊ 'ပဋိသန္ဓေအခါ၊ ပဝတ္တိအခါ'' ၂-ပါးလုံး၌ ဖြစ်၏။ ထို့ကြောင့် ကမ္မဇရုပ်မှာ 'ပဋိသန္ဓေကမ္မဇ၊ ပဝတ္တိကမ္မဇ'ဟု ၂ မျိုးရှိ၏ ဟူလို။ ကြွင်းသော ''စိတ္တဇ၊ ဥတုဇ၊ အာဟာရဇ'' ရုပ်တို့ကား ပဋိသန္ဓေစိတ် ဖြစ်ပြီးနောက် ပဝတ္တိအခါမှသာ ဖြစ်သောကြောင့် 'ပဝတ္တိ' ရုပ်တမျိုးသာ ရှိသည်။

ဤတွင် ပြီး၏။

ဘာသာရေး ဆွေလာသူတိုင်း

## ဦးမြင့်ဆွေ

ဓမ္မာစရိယ၊ ဝိဇ္ဇာ (ဂုဏ်ထူး)

## မဟာဝိဇ္ဇာ (လန်ဒန်)၏

ကျမ်းစာများကို ဖတ်ပါ

---

၁။ ဇာတ်တော် ငါးရာငါးဆယ်
၂။ ဓမ္မပဒ
၃။ မဟာဗုဒ္ဓဝင် သစ်
၄။ မိလိန္ဒနှင့် ရှင်နာဂသိန်
၅။ ဝေဒယဉ်ကျေးမှုနှင့် ဘာသာရေး အတွေးအခေါ်
၆။ ပဋ္ဌာန်းမဟာ
၇။ သဗ္ဗညုဘုရားရှင်
၈။ ပရလောကနှင့် ကံ-စိတ်စွမ်းအင်
၉။ လက်စွဲပဋ္ဌာန်း

ထွက်မည့် ကျမ်းများ

၁၀။ ဓမ္မပဒ (အင်္ဂလိပ်)
၁၁။ သက္ကတသဒ္ဒါ
၁၂။ အခြေပြုပါဠိသဒ္ဒါ
၁၃။ အဘိဓမ္မာသင်္ဂြိုဟ်အဖွင့် (ပါဒု) ၂-တွဲ

နှဝရတ်စာပေ

၅၁၊ ဒီရုံ၊ ဈေးချို၊ မန္တလေး။

(ရန်ကုန်မြို့ချိရေး၊ ပညာအလင်းပြ)